# AYA BANK PCL DEBIT CARD, PREPAID CARD များအားလုံးနှင့်သက်ဆိုင်သည့် အထွေထွေစည်းမျဉ်းနှင့်လိုက်နာရန်စည်းကမ်းသတ်မှတ်ချက်များ

ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ ကတ်ဝန်ဆောင်မှုအား အသုံးပြုသူ ကတ်ကိုင်ဆောင်သူများအနေဖြင့် အောက်တွင် ဖော်ပြထားသော စည်းမျဉ်းနှင့် စည်းကမ်းသတ်မှတ်ချက်များအား အတိအကျ လိုက်နာကြရန် ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်က ထုတ်ပြန်ပြဋ္ဌာန်းလိုက်ပါသည်။ ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ကတ်ဝန်ဆောင်မှုများအား တောင်းခံခြင်း သို့မဟုတ် အသုံးပြုခြင်း သို့မဟုတ် ယင်းဝန်ဆောင်မှုများအား တောင်းခံသူကိုယ်စား အခြားသူတစ်ဦးဦးက အသုံးပြုစေရန် ခွင့်ပြုခြင်းများသည် အခါအားလျော်စွာ ပြောင်းလဲနိုင်သည်ဖြစ်သော ဤစည်းမျဉ်းနှင့် စည်းကမ်းသတ်မှတ်ချက်များကို တောင်းခံသူက ဝန်ခံ အသိအမှတ်ပြု သဘောတူညီပါသည်။

## ၁။ အဓိပ္ပါယ်ဖွင့်ဆိုချက်

၁.၁။ **"ဘဏ်"** ဆိုသည်မှာ အနာဂတ်တွင် ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်က ဖွင့်လှစ်ထူထောင်မည့် မည်သည့် ဘဏ်ခွဲမျိုးမဆို အပါအဝင် ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သော ကုမ္ပဏီ လီမိတက်နှင့် ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ၏ ဘဏ်ခွဲအားလုံးကိုဆိုလိုပြီး ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၊ ကတ်ဌာန ရုံးချုပ်သည် အမှတ် (၃/ခ)၊ အမှတ် (၂၃) ရပ်ကွက် (ဆ-၁)၊ ကမ်းနားလမ်းနှင့် သစ်တောလမ်းထောင့်၊ River View Point Condominium၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင်တည်ရှိပါသည်။

၁.၂။ **"ATM"** ဆိုသည်မှာကတ်အားလက်ခံသည့် အလိုအလျောက်ငွေထုတ်စက် သို့မဟုတ် ကတ်အသုံးပြုရသည့် စက်ကို ဆိုလိုသည်။

၁.၃။ **"အခွင့်အာဏာရပုဂ္ဂိုလ်"** ဆိုသည်မှာ ကတ်ကိုင်ဆောင်သူအတွက် သို့မဟုတ် ကတ်ကိုင်ဆောင်သူ ကိုယ်စား ညွှန်ကြားချက်ပေးခြင်း၊ မည်သည့်စာချုပ်ကိုမဆို လက်မှတ်ရေးထိုးရန် သို့မဟုတ် အကောင်အထည်ဖော် ဆောင်ရွက်ရန် သို့မဟုတ် ကတ်ကိုင်ဆောင်သူ၏ ကတ်တွင်ရှိသည့် Account နှင့် ပတ်သက်၍ လုပ်ငန်း ဆောင်ရွက်ရန် ကတ်ကိုင်ဆောင်သူက ခွင့်ပြုပေးထားပြီး ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက်က အတည်ပြု ပေးထားသည့်ပုဂ္ဂိုလ် (တစ်ဦးချင်းဖြစ်စေ၊ အခြားသောပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် ပုဂ္ဂိုလ်များနှင့် ပူးတွဲ၍ ဖြစ်စေ) ကိုဆိုလိုသည်။

၁.၄။ **"Bank Card Association"** ဆိုသည်မှာ ဘဏ်၏ Debit Card တွင် Debits နှင့် Credits များပြုလုပ်ရန်၊ ခွင့်ပြုချက်ပေးရန်နှင့် ဝန်ဆောင်မှုအတွက် Transaction အလိုက် ကျသင့်သည့်အထွေထွေငွေကြေးကို ကောက်ခံရာတွင် အသုံးပြုသည့် ဘဏ်ကပိုင်ဆိုင်သော ကွန်ယက်ကိုဆိုလိုသည်။

၁.၅။ **'အလုပ်ဖွင့်ရက်'** ဆိုသည်မှာ စနေ၊ တနင်္ဂနွေ နှင့်မြန်မာနိုင်ငံအတွင်းရှိ အများပြည်သူရုံးပိတ်ရက်များမပါ အခြားသောနေ့ကို ဆိုလိုသည်။

၁.၆။ **"Card"** ဆိုသည်မှာ ရေဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်က ၎င်း၏အဖွဲ့ဝင်အဖြစ် အတည်ပြုထားသည့်၊ Application တွင် သတ်မှတ်ဖော်ပြထားသည်များအရ ကတ်ကိုအသုံးပြုခွင့်ရှိသည့် လျှောက်ထားသူ ကိုင်ဆောင်ထားသော ကတ်ကို ဆိုလိုသည်။

၁.၇။ **"ကတ်ကိုင်ဆောင်သူ"** ဆိုသည်မှာ ရေဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်က ၎င်း၏အဖွဲ့ဝင်အဖြစ် အတည်ပြုထားသည့်၊ Application တွင် သတ်မှတ်ဖော်ပြထားသည်များအရ ကတ်ကို အသုံးပြုခွင့်ရှိသည့်လျှောက်ထားသူ၊ လျှောက်ထားသူက သတ်မှတ် ပေးထားသည့်ပုဂ္ဂိုလ်၊ ကတ်အားအသုံးပြုရန် ရေဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်က အတည်ပြု ပေးထားသည့် ပုဂ္ဂိုလ်ကို ဆိုလိုသည်။

၁.၈။ **"Cash Withdrawal"** ဆိုသည်မှာ ငွေထုတ်ခြင်း၊ ခရီးသွားချက်လက်မှတ် သို့မဟုတ် နိုင်ငံခြားငွေ ဝယ်ယူခြင်း၊ အဆိုပြုချက်အရ Money Order သို့မဟုတ် ငွေလွှဲပြုလုပ်ခြင်း များကိုဆိုလိုသည်။

၁.၉။ **"ဗဟိုဘဏ်"** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်ကိုဆိုလိုသည်။

၁.၁၀။ **"ကျသင့်ငွေ"** ဆိုသည်မှာ တရားရေးစရိတ် (လျော်ကြေးအပြည့်အခြေခံဖြင့်) အပါအဝင် ကျသင့်ငွေ၊ ကောက်ခံငွေ နှင့် အသုံးစရိတ်များကိုဆိုလိုသည်။

၁.၁၁။ **"သုံးစွဲနိုင်ခွင့်ငွေပမာဏကန့်သတ်ချက်"** ဆိုသည်မှာ ကတ်ကိုင်ဆောင်သူအနေဖြင့် Card Account ထားရှိနိုင်သည့် စုစုပေါင်း အမြင့်ဆုံးပမာဏကို ဆိုလိုသည်။

၁.၁၂။ **"အဖိုးအခနှင့်ကျသင့်ငွေလမ်းညွှန်"** ဆိုသည်မှာ ဤသဘောတူညီချက်၏ နောက်ဆက်တွဲလမ်းညွှန်တွင် ပါဝင်သည့် Card Account၊ Card များ နှင့်သက်ဆိုင်သော အဖိုးအခ နှင့်ကျသင့်ငွေ ကိုဆိုလိုသည်။

၁.၁၃။ **"Account"** ဆိုသည်မှာ ကတ်ကိုင်ဆောင်သူ အနေဖြင့် လက်ရှိအချိန်တွင်ဖြစ်စေ၊ နောင်ကာလတွင်ဖြစ်စေ ရေဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်တွင် ငွေအပ်နှံနိုင်ရန်အတွက် တစ်ဦးချင်းဖြစ်စေ၊ ပူးတွဲ၍ဖြစ်စေ ဘဏ်တွင် ဖွင့်လှစ်ထားသည့် မည်သည့် Account မျိုးကိုမဆို ဆိုလိုပြီး ဤဝန်ဆောင်မှုအား အသုံးပြုရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ထားသည့် မည်သည့် Account မျိုးမဆိုဖြစ်ကာ ဤဝန်ဆောင်မှုအား အသုံးပြုခြင်းနှင့်သက်ဆိုင်သည့် ငွေကြေးကို ကိုဆိုလိုသည်။

၁.၁၄။ **"ပေးရန်တာဝန်"** ဆိုသည်မှာ လက်ရှိအားဖြင့်ဖြစ်စေ၊ အနာဂတ်တွင်ဖြစ်စေ၊ အမှန်တကယ်ဖြစ်စေ၊ မမျှော်လင့်သော ပေးချေမှုများအတွက်ဖြစ်စေ၊ အခြေခံအရင်းအနှီးအရဖြစ်စေ၊ အပေါင်ပစ္စည်းအရဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ၊ ပူးတွဲ၍ဖြစ်စေ ရေဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်အပေါ် ကတ်ကိုင်ဆောင်သူကတင်ရှိသည့် ကြွေးမြီ၊ ပေးရန်တာဝန်၊ ဝတ္တရားအားလုံးကိုဆိုလိုသည်။

၁.၁၅။ **"ဆုံးရှုံးမှု"** ဆိုသည်မှာ စောဒကတက်ခြင်း၊ တရားစွဲခြင်း၊ ဆုံးရှုံးခြင်း၊ ပျက်စီးခြင်း၊ တောင်းဆိုခြင်း၊ ပေးရန်ရှိခြင်း နှင့် မည်သို့သော ကျခံရမှု မျိုးကိုမဆို ဆိုလိုသည်။

၁.၁၆။ **"မြန်မာကျပ်"**ဆိုသည်မှာမြန်မာနိုင်ငံအတွင်းလက်ရှိအားဖြင့်တရားဝင်အသုံးပြုနေသောငွေကြေးစနစ်ကိုဆိုလိုသည်။

၁.၁၇။ **"Mobile ဝန်ဆောင်မှု"** ဆိုသည်မှာ ကတ်ကိုင်ဆောင်သူအနေဖြင့် ၎င်း၏ Account (များ) အတွင်းဝင်ရောက်နိုင်ရန် နှင့်/သို့မဟုတ် ဘဏ်လုပ်ငန်းဆောင်ရွက်ရန် နှင့်/သို့မဟုတ် အခြားသော Transaction များအား အီလက်ထရောနစ်နည်းဖြင့်ဆောင်ရွက်နိုင်စေရန်အတွက် mobile ပစ္စည်းကိုသုံးပြီး ရောဝတီဘဏ်အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်က အခါအားလျော်စွာ ပေးနေသည့် ဘဏ်လုပ်ငန်းဝန်ဆောင်မှု နှင့်/သို့မဟုတ် ဝန်ဆောင်မှု လုပ်ငန်းများကို ဆိုလိုသည်။

၁.၁၈။ **"ဝယ်ယူခြင်း"** ဆိုသည်မှာ ကတ်ကိုဖြစ်စေ၊ နံပါတ်ကိုဖြစ်စေ အသုံးပြု၍ကုန်ပစ္စည်း နှင့်/သို့မဟုတ် ဝန်ဆောင်မှုအတွက် ပေးချေမှုပြုလုပ်ရန် ဆောင်ရွက်သည့်မည်သည့် Transaction မျိုးကိုမဆို ဆိုလိုသည်။

၁.၁၉။ **"တစ်ဦးချင်း Internet Banking"** ဆိုသည်မှာ Cardholder အနေဖြင့် ၎င်း၏ Account (များ) အတွင်းသို့ဝင်ရောက်ရန် နှင့်/သို့မဟုတ် ဘဏ်လုပ်ငန်းဆောင်ရွက်ရန် နှင့်/သို့မဟုတ် အခြားသော Transaction များအား အီလက်ထရောနစ်နည်းဖြင့်ဆောင်ရွက်နိုင်စေရန်အတွက် မည်သည့် Mobile ပစ္စည်းကိုမဆိုသုံးပြီး ဘဏ် က အခါအားလျော်စွာ ပေးနေသည့် တစ်ဦးချင်း Internet ဘဏ်လုပ်ငန်း နှင့်/သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းများ ကိုဆိုလိုသည်။

၁.၂၀။ **"PIN"** ဆိုသည်မှာ ကတ်အားအသုံးပြုနိုင်ရန်အတွက် ပေးထားသည့် တစ်ဦးချင်းအသိအမှတ်ပြု လျှို့ဝှက် နံပါတ်ကို ဆိုလိုသည်။

၁.၂၁။ **"ဝန်ဆောင်မှု"** ဆိုသည်မှာ ATM Card ဝန်ဆောင်မှု၊ Call Centre ဝန်ဆောင်မှု၊ Electronic သို့မဟုတ် တစ်ဦးချင်း Internet ဘဏ်လုပ်ငန်း ဝန်ဆောင်မှု သို့မဟုတ် Mobile ဝန်ဆောင်မှု ဟူ၍သာဖြစ်သည်ဟု ကန့်သတ်ထားမှု မရှိသော်လည်း ယင်းတို့အပါအဝင်ဖြစ်ပြီး ရောဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်က ကတ်ကိုင်ဆောင်သူထံသို့ ပေးမည့် မည်သည့်ဝန်ဆောင်မှု မျိုးကိုမဆို ဆိုလိုသည်။

၁.၂၂။ **"အသုံးပြုသူလမ်းညွှန်"** ဆိုသည်မှာ ကတ်အားမည်သို့အသုံးပြုရမည် ဆိုသည်နှင့်ပတ်သက်ပြီးအသေးစိတ် ဖော်ပြထားသည့် လမ်းညွှန်စာအုပ်ကိုဆိုလိုသည်။

## ၂။ မိတ်ဆက်ခြင်း

၂.၁။ ဤနေရာ ("**ဤသဘောတူညီချက်**") တွင်သတ်မှတ်ဖော်ပြထားသည့် စည်းမျဉ်းနှင့်စည်းကမ်း သတ်မှတ်ချက်များ သည် ရောဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်က ကတ်ကိုင်ဆောင်သူထံသို့ အခါအားလျော်စွာ ထုတ်ပေးမည့် Debit Card, Prepaid Card, Digital Card များနှင့် သက်ဆိုင်သည်။

၂.၂။ အမျိုးအစားအလိုက် ကတ်တွင်၎င်းနှင့်သက်ဆိုင်သည့် သီးခြားစည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များ ရှိသည်။ ဤသဘောတူညီချက်တွင်ပါဝင်သောစည်းမျဉ်းများသည် သီးခြားကတ်တစ်ခု၏ စည်းမျဉ်းများနှင့် မကိုက်ညီလျှင် သို့တည်းမဟုတ် ယင်းစည်းမျဉ်းများအား ကျော်လွှန်ပယ်ဖျက်ထားသည် ဆိုလျှင် ယင်းတို့နှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂.၃။ ကတ်ကိုလျှောက်ထားခြင်းအားဖြင့် ကတ်ကိုင်ဆောင်သူသည် စည်းမျဉ်းတိုင်းကိုဖတ်ရှု၊ နားလည်၊ သဘော ပေါက်ပြီးဖြစ်သည်ဟု မှတ်ယူထားသည်ဖြစ်သောကြောင့် ကတ်ကိုင်ဆောင်သူသည် သဘောတူညီချက်ပါ စည်းမျဉ်း နှင့် စည်းကမ်း သတ်မှတ်ချက်များအား လိုက်နာပါမည်ဟူ၍ သဘောတူညီခြင်းဖြစ်သည်။ ဤသဘောတူညီချက်တွင် ဖော်ပြထားသည့်စည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များနှင့်အခါအားလျော်စွာ ပြုလုပ်မည့် ပြင်ဆင်ချက်များသည် အောက်ပါတို့နှင့် သက်ဆိုင်မှုရှိစေရမည် -

၂.၃.၁။ ကတ်ကိုင်ဆောင်သူထံသို့ထုတ်ပေးထားပြီးဖြစ်သည့် မည်သည့်ကတ်မဆို

၂.၃.၂။ ရေဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်က ကတ်ကိုင်ဆောင်သူထံသို့ အခါအားလျော်စွာပေးမည့် မည်သည့် ကတ်မဆိုနှင့် ဝန်ဆောင်မှုမျိုးမဆို

၂.၃.၃။ ကတ်ကိုင်ဆောင်သူက ကတ်နှင့်ဝန်ဆောင်မှုအားအသုံးပြုသည့်အချိန်တိုင်း

## ၃။ ကတ်

### ၃.၁။ ကတ်နှင့် PIN နံပါတ်ထုတ်ပေးခြင်း

ကတ်လျှောက်ထားသူ၏ ကတ်လျှောက်လွှာအား ရေဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် က စစ်ဆေးခွင့်ပြု အတည်ပြုပြီး၍ ဆက်သွယ်လာသည့်အချိန်တွင် ကတ်လျှောက်ထားသူမှ ကတ် နှင့် PIN နံပါတ်အား သက်ဆိုင်ရာ ဘဏ်ခွဲတွင် လူကိုယ်တိုင်သွားရောက် ထုတ်ယူနိုင်ပြီ ဖြစ်ပါသည်။ ကတ်သို့မဟုတ် PIN နံပါတ်အား ထုတ်ယူပြီးခြင်း သို့မဟုတ် ပေးပို့ခြင်းများ ပြုလုပ်ပြီးနောက်ပိုင်းတွင် ကတ်နှင့်ပတ်သက်၍ ဘဏ်တွင် တာဝန် မရှိစေရ။

### ၃.၂။ လက်မှတ်

ကတ်ကိုင်ဆောင်သူသည် ၎င်း၏ကတ်ကိုရရှိပြီးသည်နှင့် ကတ်နောက်ကျောတွင် ချက်ချင်း လက်မှတ် ထိုးရမည်။

### ၃.၃။ နိုင်ငံခြားငွေကြေးဖြင့် Transaction ပြုလုပ်မည့်ငွေကြေးပြောင်းလဲခြင်း စနစ်

Currency Conversion Risk Premium (Mark Up Fee) သည် အသုံးပြုလိုက်သည့် ငွေကြေးအမျိုးအစား သို့မဟုတ် နိုင်ငံခြားငွေဖြင့် ထုတ်ယူသုံးစွဲလိုက်သည့် ငွေ၏ ဖြစ်ပေါ်လျှက် ရှိသော ငွေလဲလှယ်နှုန်းထားများ ပေါ်တွင် ငွေကြေးအဖွဲ့အစည်းများမှ သတ်မှတ်သည့် ငွေကြေး ပြောင်းလဲခြင်း လွှမ်းမိုးကြေး (Prevailing Fee or International Transaction Fee) နှင့် ဘဏ်မှသတ်မှတ်သည့် ငွေကြေးပြောင်းလဲခြင်း လွှမ်းမိုးကြေး (Currency Conversion Fee) အား ဈေးကွက်အခြေအနေပေါ်မူတည်၍ လိုအပ်သလိုပြောင်းလဲ သတ်မှတ်သွားမည်ဖြစ်သည်။

### ၃.၄။ ကတ်သည်ဘဏ်ကပိုင်ဆိုင်သည့်ပစ္စည်းဖြစ်ခြင်း

ကတ်သည် ရေဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ ပိုင်ဆိုင်ပစ္စည်းအဖြစ် ဆက်လက် တည်ရှိနေမည်။ ကတ်ကိုင်ဆောင်သူအနေဖြင့် ကတ်အားအခြားသူထံသို့လွှဲပြောင်းပေးခြင်းမပြုရမည့်အပြင် ကတ်အားထိန်းသိမ်းခွင့် သို့မဟုတ် ပိုင်ဆိုင်ခွင့်အား ဆုံးရှုံးသွားမှုမရှိစေရ။ ကတ်အား ပြန်လည်အပ်နှံရန် ရေဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက်က ကတ်ကိုင်ဆောင်သူအား တောင်းဆိုချိန်တွင် ကတ်ကိုင်ဆောင်သူသည် ချက်ချင်းပင်ကတ်အားနှစ်ပိုင်းဖြတ်ပြီး (ကတ်ကိုင်ဆောင်သူအား အကာအကွယ်ပေးရန်) ဘဏ်သို့ပြန်လည်ပေးအပ်ရမည်။

## ၄။ ကတ်ကိုင်ဆောင်သူ၏ပေးရန်တာဝန်နှင့် ဝတ္တရားများ

၄.၁။ ခွင့်ပြုချက်ရသည့်ကတ်ကိုင်ဆောင်သူအနေဖြင့် ကတ်ကိုင်ဆောင်သူကသာလျှင် ကတ်ကိုသုံးပြီး transaction လုပ်နိုင်မည်ဖြစ်ပါသည်။ ကတ်ကိုင်ဆောင်သူသည်အောက်ပါတို့အတွက်တာဝန်ရှိသည် -

၄.၁.၁။ ခွင့်ပြုချက်ရသည့်ပုဂ္ဂိုလ် က သို့မဟုတ် ၎င်း၏ညွှန်ကြားချက်အရ ပြုလုပ်သည့် transaction သို့မဟုတ် မည်သည့် ATM တွင်မဆို ကတ်အား အသုံးပြုခြင်းများအပါအဝင် ကတ် သို့မဟုတ် ကတ်နံပါတ်ကိုအသုံးပြုပြီး ဆောင်ရွက်သည့် transaction များအားလုံး

၄.၁.၂။ ကတ်ကိုင်ဆောင်သူ၊ ခွင့်ပြုချက်ရရှိသည့်ပုဂ္ဂိုလ် နှင့် ဆင့်ပွားကတ်ကိုင်ဆောင်သူတို့အနေဖြင့် ကတ်ကို အသုံးပြုပြီးဆောင်ရွက်ရမည့် သို့မဟုတ် ဝင်ရောက်ရမည့် ကတ်ကိုင်ဆောင်သူ၏ Card Account ၊ Account များနှင့် ဝန်ဆောင်မှုများအားလုံးနှင့်သက်ဆိုင်သည့် ဤသဘောတူညီချက်တွင် ပါဝင်သည့် စည်းမျဉ်းများ အား လိုက်နာစေခြင်း

၄.၁.၃။ ကတ်ကိုအသုံးပြုပြီး ဆောင်ရွက်ရမည့် သို့မဟုတ် ဝင်ရောက်ရမည့် ကတ်ကိုင်ဆောင်သူ၏ Card Account နှင့် Account များ၊ ဝန်ဆောင်မှုများအားလုံးနှင့်သက်ဆိုင်သည့် ဤသဘောတူညီချက်တွင် ပါဝင်သည့် စည်းမျဉ်းနှင့် စည်းကမ်းသတ်မှတ်ချက်အားလုံးကို လိုက်နာရန် ပျက်ကွက်မှုကြောင့်ဖြစ်ပေါ်လာသည့် မည်သည့်ဆုံးရှုံးမှုမျိုးမဆို

၄.၂။ ကတ်ကိုင်ဆောင်သူ သို့မဟုတ် ခွင့်ပြုချက်ရရှိထားသည့် မည်သည့်ပုဂ္ဂိုလ်မဆိုသည် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

၄.၂.၁။ မည်သည့်နိုင်ငံတွင်မဆို တရားဥပဒေနှင့်ဆန့်ကျင်သည့် မည်သည့်လုပ်ရပ်မျိုးမဆိုအတွက် ကတ်အား အသုံးမပြုခြင်း (ဥပမာ - တရားမဝင်သည့်ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများဝယ်ယူခြင်း)

၄.၂.၂။ ချေးငွေကန့်သတ်ချက်အားကျော်လွန်သွားစေမည့် မည်သည့် ငွေပေးချေမှုမျိုးကို မဆို ပြုလုပ်ရန်အတွက် မည်သည့်ကတ်မျိုးကိုမဆို အသုံးမပြုခြင်း

၄.၂.၃။ Card Account အား ပိတ်လိုက်ပြီးသည်နောက် သို့မဟုတ် ကတ်အားဖျက်သိမ်းလိုက်ပြီ ဖြစ်ကြောင်း ရောဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက်က ကတ်ကိုင်ဆောင်သူထံသို့ အကြောင်းကြားပြီးနောက် သို့မဟုတ် ကတ်အသုံးပြုခွင့်အား ရောဝတီဘဏ်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်က ရပ်သိမ်းလိုက်ပြီးနောက် ကတ်အားအသုံးမပြုခြင်း

၄.၂.၄။ ကတ်အသုံးပြုမှုနှင့်ပတ်သက်၍ ရောဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်က အခါအားလျော်စွာ လိုအပ်ဖွယ်ရာရှိသည့် သတင်းအချက်အလက်နှင့် အထောက်အထားများအား ဘဏ်သို့ပေးခြင်း

၄.၂.၅။ မည်သည့်ကတ်မဆိုအား အသုံးပြုမှုနှင့်ပတ်သက်၍ မည်သည့် စုံစမ်းစစ်ဆေးမှု သို့မဟုတ် တရားရင်ဆိုင်မှုများတွင် ဘဏ်နှင့်ပူးပေါင်းဆောင်ရွက်ခြင်း

၄.၂.၆။ ကတ်ပွန်းပဲ့ခြင်း၊ ပျက်စီးခြင်း၊ ကောက်ကွေးခြင်း၊ မွမ်းမံထားခြင်း သို့မဟုတ် မည်သည့်နည်းဖြင့်မဆို ပျက်ပြားမှုများ မဖြစ်စေရန်ဆောင်ရွက်ထားရှိခြင်း။

## ၅။ လုံခြုံမှု

ကတ်ကိုင်ဆောင်သူနှင့် ကတ်အသုံးပြုခွင့်ရသူတို့သည် အောက်ပါအတိုင်းဆောင်ရွက်ရမည် -

၅.၁။ PIN နံပါတ်အား အချိန်တိုင်း လျှို့ဝှက်ထိန်းသိမ်းထားရှိခြင်း

၅.၂။ PIN နံပါတ်အားလုံခြုံစိတ်ချစွာထားရှိရန် နှင့် ကတ်ကိုင်ဆောင်သူ၏ကတ်နှင့် Card Account အားလိမ်လည် အသုံးပြုခြင်း သို့မဟုတ် ၎င်းတို့အတွင်းသို့ တရားမဝင်ဝင်ရောက်ခြင်းများ မဖြစ်စေရန် အတွက် လိုအပ်သည့် ဆောင်ရွက်ချက်များ ပြုလုပ်ပြီး ကာကွယ်တားဆီးထားခြင်း၊ ကတ်ကိုင်ဆောင်သူ၏ PIN နံပါတ်အား ကာကွယ်သည့် နည်းလမ်းများတွင် အောက်ပါတို့ပါဝင်သည် -

၅.၂.၁။ PIN နံပါတ်အားအလွတ်ကျက်မှတ်ထားရမည်ဖြစ်ပြီး မည်သည့်နေရာတွင်မဆို ချရေးထားခြင်း သို့မဟုတ် အသံသွင်းမှတ်သားထားခြင်းများမလုပ်ရန်

၅.၂.၂။ အထက်ပါအပိုဒ် (၁) အတိုင်းဆောင်ရွက်ပြီးပြီဆိုပါက PIN အတွက်/နှင့် ထုတ်ပေးထားသည့် အကြံပြုချက်အား ချက်ချင်းဖျက်ဆီးပစ်ရန်

၅.၂.၃။ PIN နံပါတ်အား မည်သူ့ထံသို့မှပြောကြားခြင်းမလုပ်ရန် သို့မဟုတ် ယင်းသည်မည်သည့်အရာ ဖြစ်သည်ဆိုသည်ကို မည်သူ့မျှမသိစေရန်

၅.၂.၄။ PIN နံပါတ်အားရွေးချယ်ရာတွင် သိသာစေသည့် စကားလုံးသို့မဟုတ် ဂဏန်းများ သို့မဟုတ် အလွယ်တကူတွေးယူလို့ရစေနိုင်သည့် စကားလုံး၊ နံပါတ်များ သို့မဟုတ် ယခင်က အသုံးပြုခဲ့ဘူးသော စကားလုံး၊ နံပါတ်များအား ရွေးချယ်ခြင်းမပြုရန်

၅.၂.၅။ PIN နံပါတ်အား မကြာခဏအပြောင်းအလဲပြုလုပ်ပေးရန်

၅.၃။ ကတ်ကိုင်ဆောင်သူအနေနှင့် အောက်ပါတို့ကို သိလျှင်သိခြင်း ရေဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်သို့ အသိပေး အကြောင်းကြား ရမည် ဖြစ်ပါသည် -

၅.၃.၁။ PIN နံပါတ်ပျောက်ဆုံးသွားသည်ကိုသိရှိခြင်း

၅.၃.၂။ တစ်စုံတစ်ဦးက PIN နံပါတ်အားသိထားသည်ဟု သံသယဖြစ်ခြင်း

၅.၃.၃။ ကတ်ကိုင်ဆောင်သူ၏ ကတ်အား တရားမဝင်အသုံးပြုနေကြောင်း သို့မဟုတ် Card Account အတွင်းသို့ဝင်ရောက်နေကြောင်း သံသယဖြစ်ခြင်း သို့မဟုတ် သိရှိခြင်း

၅.၃.၄။ ကတ်ကိုင်ဆောင်သူ၏ကိုယ်ရေးအချက်အလက်များတွင် အပြောင်းအလဲဖြစ်ခြင်း (ဥပမာ - ကတ်ကိုင်ဆောင်သူ၏ အကြောင်းအရာ နှင့်ဆက်သွယ်ရမည့်အချက်အလက်အသေးစိတ်)

## ၆။ ကတ်ပျောက်ဆုံးခြင်း သို့မဟုတ် ခိုးယူခံရခြင်း /PIN နံပါတ်အားသိရှိသွားခြင်း

၆.၁။ ကတ်ပျောက်ဆုံးခြင်း သို့မဟုတ် ခိုးယူခံရခြင်း သို့မဟုတ် ခွင့်ပြုချက်မရှိသည့်ပုဂ္ဂိုလ်က ကတ်အား အသုံးပြုခြင်း (ကတ်အားအသုံးပြု၍ဖြစ်စေ၊ အသုံးမပြုဘဲဖြစ်စေ) များဖြစ်ပါက ကတ်အသုံးပြုခွင့်အား ပိတ်ပင်ထားနိုင်ရန် နှင့် သက်ဆိုင်ရာ PIN နံပါတ်အား ဖျက်သိမ်းရန်အတွက် ကတ်ကိုင်ဆောင်သူသည် ရေဝတီဘဏ်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်သို့ ချက်ချင်း အကြောင်းကြားရမည်။ ကတ်အားမပိတ်သိမ်းမီရှိခဲ့သည့် ကျခံရမည် ဖြစ်သော အဖိုးအခအားလုံးအတွက် ကတ် ကိုင်ဆောင်သူက တာဝန်ယူရမည်။

၆.၂။ ကတ်ပျောက်ဆုံးခြင်း သို့မဟုတ် ခိုးယူခံရခြင်း သို့မဟုတ် PIN နံပါတ်အားလူသိသွားခြင်း များဖြစ်ပါက ကတ်ကိုင်ဆောင်သူသည် အောက်ပါတို့အတွက်တာဝန်ရှိသည် -

၆.၂.၁။ ကတ်ပျောက်ဆုံးခြင်း၊ ခိုးယူခံရခြင်း သို့မဟုတ် PIN နံပါတ်အားလူသိသွားခြင်းများနှင့် ပတ်သက်၍ ကတ်ကိုင်ဆောင်သူက ရေဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်သို့ အသိမပေးမချင်း ကတ်ကိုင်ဆောင်သူ၏ ကတ်အား အသုံးပြုပြီး မည်သူမဆိုက ပြုလုပ်သည့် Transaction များအားလုံး၊

၆.၂.၂။ ကတ်ကိုင်ဆောင်သူက ပေးချေရန်ရှိသည့်ကြွေးမြီများအတွက် ကတ် သို့မဟုတ် Card Account မှတိုက်ရိုက် ငွေထုတ်ယူခြင်းကိုရပ်စဲရန် ငွေလက်ခံမည့်အဖွဲ့အစည်းများသို့ အသိပေး အကြောင်းကြားခြင်း၊

၆.၃။ ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက်က ပြဋ္ဌာန်းထားသည့် စည်းမျဉ်းများနှင့်အညီ ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက်သည် ကတ်အားအစားထိုးပေးခြင်း သို့မဟုတ် PIN နံပါတ်အသစ်ထုတ်ပေးခြင်းများကို ဆောင်ရွက် သွားမည်။

၆.၄။ ပျောက်ဆုံး သို့မဟုတ် ခိုးယူခြင်းခံရသည့် ကတ်အားပြန်လည်ရရှိပါက ယင်းအားမည်သို့မျှ ပြန်လည် အသုံးပြုခြင်း မလုပ်စေနိုင်ရန်အတွက် ကတ်ကိုင်ဆောင်သူသည် ချက်ခြင်းပင် ကတ်အား နှစ်ပိုင်းဖြတ်ပြီး ဧရာဝတီဘဏ်အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်သို့ ပြန်ပေးရမည်။

**၇။ သုံးစွဲနိုင်ခွင့်ငွေပမာဏကန့်သတ်ချက်**

သုံးစွဲနိုင်ခွင့်ငွေပမာဏကန့်သတ်ချက်ဆိုသည်မှာ ကတ်ကိုင်ဆောင်သူ သို့မဟုတ် ကတ်ကိုင်ဆောင်သူ၏ Card Account သို့ ထည့်သွင်းခွင့် (သို့မဟုတ်) အများဆုံးအသုံးပြုခွင့်ပေးထားသော ကန့်သတ်ချက်နှင့် ဗဟိုဘဏ်မှ သတ်မှတ်သည့် ကန့်သတ်ချက် အားလုံးကိုဆိုလိုသည်။ ကတ်ကိုင်ဆောင်သူသည် (က) ငွေသားထုတ်ယူခြင်း၊ (ခ) ကုန်ပစ္စည်း၊ ဝန်ဆောင်မှု နှင့်/သို့မဟုတ် ကတ်အမှတ်အသားကိုပြသထားသောဆိုင်၊ နေရာများတွင် အခကြေးငွေ ပေးချေခြင်း၊ (ဂ) အတည်ပြုထားသည့် လမ်းကြောင်းများမှတစ်ဆင့် မည်သည့် ငွေပေးချေမှုမဆို ပြုလုပ်ခြင်းများ အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် နှင့် ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီ လီမိတက်က အတည်ပြုပေးထားသော သုံးစွဲနိုင်ခွင့်ပမာဏ (သတ်မှတ်ထားသောကာလ) ကန့်သတ်ချက် ဘောင်အတွင်း ကတ်ကို အသုံးပြုနိုင်သည်။

**၇.၁။ ငွေသားထုတ်ယူခြင်း**

၇.၁.၁။ ခွင့်ပြုထားသည့်မည်သည့်လမ်းကြောင်းမဆိုမှ ငွေသားထုတ်ယူရန် ကတ်ကိုင်ဆောင်သူသည် ကတ်ကို အသုံးပြုနိုင်သည်။

၇.၁.၂။ ငွေသားထုတ်ယူခြင်းအတွက်အခကို ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်က သတ်မှတ်ထားသည့်နှုန်းထားအတိုင်း ကောက်ခံခြင်း ကို ကတ်ကိုင်ဆောင်သူကသဘောတူသည်။

**၈။ ပေးချေမှုပြုလုပ်ရမည့်ငွေကြေးစနစ်**

လက်ခံရရှိသည့် မည်သည့် ပေးချေမှုမျိုးမဆိုသည် နိုင်ငံခြားငွေနှင့်ဖြစ်သည်ဆိုပါက ကတ်ကိုင်ဆောင်သူသည် ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်ထံသို့ မြန်မာကျပ်ငွေဖြင့်ပေးချေရမည်။ ဘဏ်သည် ထိုသို့သော ပေးချေမှုမျိုးအား ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်က အသုံးပြုသည့် ငွေလဲနှုန်းဖြင့် ပေါက်ဈေးအအတိုင်း မြန်မာကျပ်ငွေသို့ ပြောင်းလဲသွားမည်ဖြစ်သည်။ မည်သည့် လျော့ကျမှုမျိုးမဆိုအတွက် ကတ်ကိုင်ဆောင်သူကဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ထံသို့ လျော်ပေးရမည်ဖြစ်ပြီး မည်သည့်ဆုံးရှုံးမှုမျိုးမဆိုအတွက် ကတ်ကိုင်ဆောင်သူက တာဝန်ယူရန်နှင့် ငွေကြေးပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာရသော ဆုံးရှုံးနိုင်ခြေအားလုံးကို တာဝန်ယူပါမည် ဟူ၍ ကတ်ကိုင်ဆောင်သူက သဘောတူသည်။

**၈.၁။ ပေးချေမှုပြုလုပ်သည့်နည်းလမ်း**

၈.၁.၁။ Transaction ပြုလုပ်ခြင်းများ သို့မဟုတ် ကတ်ကိုင်ဆောင်သူ၏ရှင်းတမ်းရှိ Account များနှင့် ပတ်သက်၍ အခြားသောကျသင့်ငွေများမှာ မှန်ကန်မှုမရှိပါက ကတ်ကိုင်ဆောင်သူသည် ရှင်းတမ်းတွင် ဖော်ပြထားသည့်

AYA Bank PCL
ရေဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

ရက်တွင် ပေးချေမှုပြုလုပ်ရမည့် အနည်းဆုံးပမာဏကို ရေဝတီဘဏ်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သို့ ပေးသွင်းရမည်။

၈.၁.၂။ ကတ်ကိုင်ဆောင်သူက ပြုလုပ်လိုက်သည့် ပေးချေမှုများအား ရေဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်က စာရင်းရှင်းပြီးဖြစ်သည့် ငွေကြေးများအဖြစ် လက်ခံရရှိပြီးဖြစ်သည်ဆိုမှသာလျှင် ယင်းသို့သော ပေးချေမှုသည် အသက်ဝင်မည်ဖြစ်သည်။ ဥပမာ - ချက်လက်မှတ်တစ်စောင်အား ဘဏ်က လက်ခံရရှိပြီးနောက် ယင်းအားရှင်းလင်းရန်အတွက် ရက်အတန်ကြာမြင့်ခြင်းမျိုးကို ဆိုလိုသည်။

၈.၁.၃။ လက်ခံရရှိသည့် ပေးချေမှုများသည် ကတ်ကိုင်ဆောင်သူ၏ရှင်းတမ်းတွင် ဖော်ပြထားသော ထိုစဉ်က ကတ်ကိုင်ဆောင်သူ၏ရှင်းတမ်းတွင် ကျန်ရှိသည့်လက်ကျန်၊ ထိုစဉ်ကရှင်းတမ်းတွင် ဖော်ပြထားခြင်း မပြုသေးသည့် မည်သည့်အကြောင်းအရာမဆိုအတွက် အနည်းဆုံးပေးချေရမည့် ပမာဏအား ပေးချေမှုပြုလုပ်ပြီးခြင်းဖြစ်သည်။ ရေဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက်သည် ကတ်ကိုင်ဆောင်သူ၏ ပေးချေမှုအား လက်ကျန်အဆင့် သတ်မှတ်ရာတွင် အောက်ပါအတိုင်း ဆောင်ရွက်သွားမည်။ လက်ကျန်ကိုကြည့်ပြီး အခနှင့်ကျသင့်ငွေများ တွက်ချက်ခြင်းဖြစ်သည်။

**၈.၂။ ရေဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက်က တောင်းခံလာသည့်အခါ ပေးချေမှုကိုအပြည့်အဝ ပြုလုပ်ခြင်း**

ဤသဘောတူညီချက်အတွင်းဖော်ပြထားသည့် စည်းမျဉ်းများရှိနေလင့်ကစား ကတ်ကိုင်ဆောင်သူက ဘဏ် အပေါ်တွင်တင်ရှိနေသည့် ကြွေးမြီမည်သည့်ပမာဏကိုမဆို ချက်ခြင်းပြန်လည်ပေးဆပ်ခြင်းပြုလုပ်ရန် ဘဏ်က မည်သည့် အချိန်တွင်မဆို ကတ်ကိုင်ဆောင်သူထံမှတောင်းခံနိုင်သည်။

၈.၃။ **နှုတ်ယူထားမှုမရှိခြင်း**

ကတ်ကိုင်ဆောင်သူသည် အောက်ပါတို့အတွက်တာဝန်ရှိသည် -

၈.၃.၁။ ကတ်ကိုင်ဆောင်သူက ပြုလုပ်လိုက်သည့်ပေးချေမှုအားလုံးသည် ဥပဒေအရသာလျှင် နှုတ်ယူထားခြင်း သို့မဟုတ် ထိန်းထားခြင်း မဟုတ်လျှင် မည်သည့်အခွန် သို့မဟုတ် စည်းကြပ်မှုများ မဆိုနှင့်စပ်လျဉ်း၍ နှုတ်ယူထားခြင်း သို့မဟုတ် ထိန်းသိမ်းထားမှုမျိုးမရှိစေရဘဲ လွတ်လပ်၊ ရှင်းလင်းမှုရှိစေရန် ဆောင်ရွက်ထားရှိခြင်း၊ ကတ်ကိုင်ဆောင်သူအနေဖြင့် ဥပဒေအရ နှုတ်ယူထားခြင်း သို့မဟုတ် ထိန်းထားခြင်းများ ပြုလုပ်ရန်လိုအပ်သည်ဆိုပါက ဘဏ်က ရရှိသည့်ပမာဏသည် နှုတ်ယူထားခြင်း၊ ထိန်းထားခြင်းများ မရှိဘဲလျက် ဘဏ်က ရရှိရမည့်ပမာဏနှင့် အတူတူပင်ဖြစ်စေရန် ကတ်ကိုင်ဆောင်သူက ဆောင်ရွက်ထားရှိခြင်း

၈.၃.၂။ ပြုလုပ်ခဲ့သည့်မည်သည့်ပေးချေမှုမျိုးမဆိုအတွက် ရေဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်က ကောက်ခံရန်လိုအပ်သည့် ကုန်ပစ္စည်း နှင့် ဝန်ဆောင်မှုအခွန်အခများ (မည်သည့်ခေါင်းစဉ်မျိုးတပ်ထားသည် ဖြစ်စေ) အတွက် ဘဏ်သို့ ပြန်လည် ထုတ်ပေးခြင်း

၈.၄။ **Card Account အတွင်းရှိချေးငွေလက်ကျန်အားကိုင်တွယ်ရန် တစ်ဦးတည်းဆုံးဖြတ်ပိုင်ခွင့်ရှိခြင်း**

ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်သည် Card Account တွင် ချေးငွေလက်ကျန် (ရှိလျှင်) ကို Principal Card အဖွဲ့ဝင် [သို့မဟုတ် Principal Card အဖွဲ့ဝင်များသေဆုံးခဲ့သည်ရှိသော် Principal Card အဖွဲ့ဝင်အတွက် ဆောင်ရွက်ပေးသူ (များ) သို့မဟုတ် အုပ်ချုပ်ရေးမှူး (များ) သို့မဟုတ် တရားဝင်ဆက်ခံခွင့်ရှိသူ (များ)] ထံသို့ ပေးပိုင်ခွင့်ရှိပြီး ထိုသို့ပေးချေမှုအတွက် အကျိုးအမြတ် ခံစားခွင့်နှင့်ပတ်သက်၍ မေးမြန်းစုံစမ်းမှုပြုလုပ်ရန် တာဝန်မရှိစေရ။ ကတ်ကိုင်ဆောင်သူတွင် ရှိသည့် အခြားသောမည်သည့် Account မျိုးမဆို သို့မဟုတ် နောက်ပိုင်းဘဏ်တွင် ဖွင့်လှစ်ထားသည့် မည်သည့် Account မျိုးမဆို နှင့် Card Account အတွင်းရှိ ပေါ်လွင်နေသည့် လက်ကျန်များအား ပေါင်းခြင်း သို့မဟုတ် စုစည်းခြင်းများအား ဘဏ်ကပြုလုပ်ပိုင်ခွင့်ရှိသည်။ Card Account အတွင်းပေါ်လွင်နေသော ချေးငွေလက်ကျန်ကို ခုနှိမ်ရန်အတွက် ထို Account များအတွင်းရှိ မည်သည့်ချေးငွေလက်ကျန်ကိုမဆို လွှဲပြောင်းရန် ကိုလည်း ကတ်ကိုင်ဆောင်သူက သဘောတူသည်။

## ၉။ ရပ်စဲခြင်း သို့မဟုတ် အဆုံးသတ်ခြင်း

### ၉.၁။ ကတ်အားရပ်စဲခြင်း/ကတ်ဖြင့် transaction ပြုလုပ်ခြင်းကို ငြင်းဆိုခြင်း

ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်သည်မည်သည့်အချိန်တွင်မဆိုအောက်ပါအတိုင်းဆောင်ရွက်နိုင်သည်

၉.၁.၁။ ကတ်ဖြင့်ပြုလုပ်သည့်မည်သည့် transaction မျိုးကိုမဆိုအားခွင့်ပြုပေးရန်ငြင်းဆိုခြင်း

၉.၁.၂။ မည်သည့်ကတ်ကိုမဆိုအသုံးပြုမှုအားရပ်စဲခြင်း သို့မဟုတ် အဆုံးသတ်ခြင်း

၉.၁.၃။ Card Account ကိုရပ်စဲခြင်း သို့မဟုတ် အဆုံးသတ်ခြင်း

၉.၁.၄။ PIN အသုံးပြုခြင်းအားပြောင်းလဲခြင်း၊အသက်မဝင်စေရန်ဆောင်ရွက်ခြင်းသို့မဟုတ်ရုပ်သိမ်းခြင်း

၉.၁.၅။ကတ်ကိုင်ဆောင်သူထံသို့ ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်က ဆောင်ရွက်ရသည့် အကြောင်းပြချက်ကို အသိပေးပြီး မည်သည့်ကတ်ကိုမဆို ပြန်လည်ထုတ်ပေးခြင်း၊ သက်တမ်းတိုးပေးခြင်း သို့မဟုတ် အစားထိုးခြင်းများ ပြုလုပ်ခြင်းကို ငြင်းဆိုခြင်း၊

### ၉.၂။ ကတ်ကိုင်ဆောင်သူကအဆုံးသတ်ခြင်း

အောက်ပါအခြေအနေများဖြစ်သည်ဆိုမှသာလျှင် ကတ်ကိုင်ဆောင်သူသည် ကတ်နှင့် Card Account ကိုအဆုံးသတ်နိုင်သည် -

၉.၂.၁။ ကတ် နှင့် Card Account ကိုအဆုံးသတ်ရန်အတွက် ကတ်ကိုင်ဆောင်သူထံမှ အသိပေး အကြောင်းကြားမှုကို ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်က လက်ခံရရှိခြင်း

၉.၂.၂။ ကတ်ကိုင်ဆောင်သူအား အကာအကွယ်ပေးသည့်အနေဖြင့် ကတ်ကိုင်ဆောင်သူက ကတ်အား နှစ်ပိုင်းဖြတ်ပြီး ဘဏ်သို့ပြန်ပေးခြင်း

၉.၂.၃။ ကတ် ၊ Card Account နှင့်သက်ဆိုင်သည့် ပေးရန်တာဝန်အားလုံးကို ကတ်ကိုင်ဆောင်သူက ပေးချေပြီး ဖြစ်ခြင်း

၉.၃။ **ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်ဘဏ်ကအဆုံးသတ်ခြင်း**

မည်သည့်အကြောင်းအရာမျိုး ရှိသည်ဆိုစေကာမူ အောက်ပါတို့ဖြစ်သည် ဆိုပါက ဧရာဝတီဘဏ်အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်သည် ကတ်ကိုင်ဆောင်သူထံသို့ အသိပေးအကြောင်းကြား၍ဖြစ်စေ၊ အသိပေး အကြောင်းကြားမှုမပြုဘဲဖြစ်စေ မည်သည့် ကတ်မဆိုကိုဖြစ်စေ၊ ကတ်အားလုံးကိုဖြစ်စေ၊ Card Account နှင့် ဝန်ဆောင်မှုကိုဖြစ်စေ ပိတ်ခြင်း နှင့် ရုပ်သိမ်းခြင်းပြုလုပ်နိုင်သည် -

၉.၃.၁။ ကတ်၊ Card Account သို့မဟုတ် ဝန်ဆောင်မှု နှင့်သက်ဆိုင်သည့် ဘဏ်၏ညွှန်ကြားချက်များအား ကတ်ကိုင်ဆောင်သူက လိုက်နာမှုမရှိခြင်း သို့မဟုတ် ကတ်ကိုင်ဆောင်သူသည် မည်သည့် သက်ဆိုင်ရာ ဥပဒေနှင့်မဆို ကိုက်ညီမှုမရှိခြင်း

၉.၃.၂။ ကတ်ကိုင်ဆောင်သူသည်

၉.၃.၁.၁။ လာဘ်ပေးရန်ကမ်းလှမ်းခြင်း၊ ကတိပေးခြင်း သို့မဟုတ် လာဘ်ပေးခြင်း

၉.၃.၁.၂။ လာဘ်ကိုလက်ခံရန် သို့မဟုတ် ယူရန်သဘောတူခြင်း ရှိသည်ဟု ဘဏ်က ယုံကြည်ခြင်း

၉.၃.၃။ ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏အမြင်တွင် မည်သည့် ကတ် သို့မဟုတ် Card Account မဆိုအား သင့်တင့် လျောက်ပတ်စွာ သို့မဟုတ် ပုံမှန်အတိုင်းလုပ်ကိုင်ဆောင်ရွက်ခြင်းမရှိဟု ယူဆခြင်း

၉.၃.၄။ ဧရာဝတီဘဏ်အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ အမြင်တွင် ကတ်ကိုင်ဆောင်သူနှင့် ဘဏ်လုပ်ငန်းများဆောင်ရွက်ခြင်းသည် သင့်တော်မှုမရှိတော့ဟု ယူဆခြင်း

၉.၃.၅။ ဤသဘောတူညီချက်ပါ စည်းကမ်းသတ်မှတ်ချက်များ သို့မဟုတ် ငွေချေးခြင်း သို့မဟုတ် ကြိုတင်ငွေပေးခြင်း သို့မဟုတ် ချေးငွေထုတ်ပေးခြင်း သို့မဟုတ် အခြားကိစ္စရပ်များနှင့် ဆက်နွှယ်နေသည့် အခြားသော သဘောတူညီချက်များအား ချိုးဖောက်မည်ဟု ကတ်ကိုင်ဆောင်သူက ခြိမ်းခြောက်ခြင်း သို့မဟုတ် ချိုးဖောက်ခဲ့ခြင်း

၉.၃.၆။ ကတ်ကိုင်ဆောင်သူက ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်အား မှန်ကန်မှုမရှိသော၊ တိကျမှုမရှိသော၊ ပြည့်စုံမှုမရှိသော သို့မဟုတ် မှားယွင်းသော သတင်းအချက်အလက်များပေးခြင်း

၉.၃.၇။ ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက်သို့ ပေးချေရမည်ဖြစ်သည့် မည်သည့်ပမာဏ မဆိုအား ကတ်ကိုင်ဆောင်သူက အချိန်မှီ ပေးချေမှု မလုပ်ခြင်း

၉.၃.၈။ ကတ်ကိုင်ဆောင်သူကွယ်လွန်သွားခြင်း သို့မဟုတ် စွမ်းဆောင်မှုမရှိတော့ခြင်း

၉.၃.၉။ ကတ်ကိုင်ဆောင်သူအနေဖြင့် လုပ်ငန်းဖျက်သိမ်းရခြင်း သို့မဟုတ် လူမွဲစာရင်းဝင်ခြင်း သို့မဟုတ် တရားစွဲဆိုမှုခံရခြင်း

၉.၃.၁၀။ ကတ်ကိုင်ဆောင်သူ၏ ပိုင်ဆိုင်ပစ္စည်းများတွင် ဆုံးရှုံးနိုင်ခြေအန္တရာယ်များ ရှိခြင်း သို့မဟုတ် မည်သည့် အဖွဲ့မဆိုက တရားစီရင်ဆုံးဖြတ်စေရန်ဖိအားပေးခြင်း

၉.၃.၁၁။ မည်သည့် ဥပဒေကြောင်းအရမဆို တရားစွဲဆိုမှုခံရခြင်း (တရားမမှုဖြစ်စေ၊ ဥပဒေကြောင်းအရ ဖြစ်စေ) သို့မဟုတ် အရေးယူခံရခြင်း (ငွေထုတ်ပေးခြင်းကို တားမြစ်သည့်အမိန့်၊ ပစ္စည်းသိမ်းဆည်းရောင်းချမိန့်၊

တားမြစ်ချက်တို့အပါအဝင်) များ စတင်ပြုလုပ်ခြင်း သို့မဟုတ် ကတ်ကိုင်ဆောင်သူအပေါ်သို့ စည်းကြပ်ခြင်း သို့မဟုတ် ကတ်ကိုင်ဆောင်သူအနေဖြင့် ရာဇဝတ်မှု ကျူးလွန်ခြင်း သို့မဟုတ် ကတ်ကိုင်ဆောင်သူ သို့မဟုတ် လုံခြုံရေးလုပ်ငန်းဆောင်ရွက်ပေးသူက မသင့်မလျော် ပြုမူဆောင်ရွက်ခြင်း

၉.၃.၁၂။ ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏အမြင်အရ ကတ်ကိုင်ဆောင်သူ၏ငွေရေးကြေးရေး အခြေအနေ၊ ပိုင်ဆိုင်မှု သို့မဟုတ် ဤသဘောတူညီချက်ပါ စည်းကမ်းသတ်မှတ်ချက်များအား လိုက်နာမှု အပေါ်သို့ ဆန့်ကျင်ဖက် အကျိုးသက်ရောက်စေနိုင်မည့် မည်သည့်ကိစ္စမျိုးမဆိုဖြစ်ပွားခြင်း

၉.၃.၁၃။ ဘဏ်နှင့် ပြုလုပ်ထားသည့် အခြားသော မည်သည့်သဘောတူညီချက် သို့မဟုတ် အစီအစဉ်တွင်မဆို ပျက်ကွက်မှုဖြစ်စဉ်များ ဖြစ်ပေါ်ခြင်း

၉.၃.၁၄။ လုံခြုံမှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် သဘောတူထားသည့် သို့မဟုတ် ဆောင်ရွက် ပေးလျက်ရှိသည့် မည်သည့် တတိယအုပ်စုဝင်နှင့်ပတ်သက်၍ ဤအပိုဒ်တွင်ဖော်ပြထားသည့် ဖြစ်ရပ်များ၊ တရားစွဲဆိုမှုများ ဖြစ်ခြင်း

၉.၃.၁၅။ အခြားသော မည်သည့်အဖွဲ့မဆိုနှင့် ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်က ပြုလုပ်ထားသည့် သဘောတူညီချက်ကို ချိုးဖောက်ရာရောက်ခြင်း

၉.၃.၁၆။ လိမ်လည်မှု၊ ငွေကြေးခဝါချမှု၊ အကြမ်းဖက်လုပ်ရန်၊ လာဘ်ပေးမှု၊ အဂတိလိုက်စားမှု သို့မဟုတ် အခွန်တိမ်းရှောင်မှု၊ သို့မဟုတ် စီးပွားရေးသို့မဟုတ် ကုန်သွယ်ရေးပိတ်ဆို့အရေးယူမှုကို အားကောင်းစေရန် ဆောင်ရွက်ရမှုများနှင့်ဆက်နွယ်ပြီး ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်အနေဖြင့် မြန်မာနိုင်ငံ အတွင်းတွင်ဖြစ်စေ၊ ကမ္ဘာပေါ်ရှိ မည်သည့်နေရာတွင်ဖြစ်စေ ဖြည့်ဆည်းပေးရန်ရှိသည့် မည်သည့်တာဝန်ဝတ္တရားမဆိုအတွက် ဆောင်ရွက်ရန် လိုအပ်လာခြင်း

၉.၃.၁၇။ Card Account ကို ဖြစ်စေ၊ ဝန်ဆောင်မှုကိုဖြစ်စေ ကိုဆက်လက်ပေးအပ်ရန် သို့မဟုတ် ကတ် အသုံးပြုခွင့်အားခွင့်ပြုပေးရန် ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်အတွက်တရားဥပဒေနှင့်ကိုက်ညီမှုမရှိတော့ခြင်း

၉.၄။ ဤသဘောတူညီချက်အရ ရှိနေသည့် ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက်၏ အခွင့်အရေးများသည် ဘဏ်က ဥပဒေအရ သို့မဟုတ် အခြားသော သဘောတူညီချက်အရ သို့မဟုတ် ဘဏ်နှင့် ကတ်ကိုင်ဆောင်သူ အကြားရှိသည့် အစီအစဉ်များအရ ရရှိထားသည့် အခြားသော အခွင့်အရေးများ ကုစားပိုင်ခွင့်များ အပေါ်သို့ ထိခိုက် နစ်နာမှုမဖြစ်စေရ။

## ၉.၅။ Card Account အား အဆုံးသတ်လိုက်ပါက မည်သို့ဖြစ်နိုင်သနည်း။

Card Account အားအဆုံးသတ်လိုက်ပါက အောက်ပါအတိုင်းဖြစ်ပါမည် -

၉.၅.၁။ ကတ်ကိုင်ဆောင်သူအနေဖြင့် ကတ် နှင့် သက်ဆိုင်သော အကျိုးခံစားခွင့်များအား အသုံးပြုခွင့်မရှိပါ။

၉.၅.၂။ ကတ်ကအပ်နှင်းပေးထားသည့် အကျိုးအမြတ်နှင့် ခံစားခွင့်အားလုံးကို မရရှိတော့ပါ။

၉.၅.၃။ ကတ်ကိုင်ဆောင်သူသည်ကတ်အားနှစ်ပိုင်းဖြတ်ပြီးဘဏ်သို့ပြန်လည်အပ်နှံရပါမည်။

၉.၅.၄။ ကတ်ကိုင်ဆောင်သူ၏ Card Account အတွင်းလုပ်ဆောင်ရခြင်းမရှိသေးသည့် transaction များ၊ နုတ်ယူရခြင်းမရှိသေးသည့် တိုးပွားလာသောအတိုးများအတွက် ကျသင့်ငွေများ နှင့် ဤစည်းမျဉ်းနှင့် စည်းကမ်း သတ်မှတ်ချက်များအရ ရေဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက်က ကောက်ခံမည့် အခြားသော အဖိုးအခနှင့် ကျသင့်ငွေများ အပါအဝင် ကတ်နှင့် ပတ်သက်၍ ဘဏ်အပေါ်တွင် တင်ရှိနေသည့် ပမာဏအားလုံးကို ကတ်ကိုင်ဆောင်သူက ဘဏ်သို့ချက်ခြင်း ပြန်လည်ပေးသွင်းရပါမည်။ ရေဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက် အပေါ်တင်ရှိနေသော ပေးချေခြင်း မပြုရသေးသည့် ငွေပမာဏအပေါ်တွင် ယင်းတို့အား အပြည့်အဝပေးချေမှုမပြုမချင်း ကျသင့်ငွေများကို ကောက်ခံသွားမည်ဆိုသည်ကို ကတ်ကိုင်ဆောင်သူက သဘောတူပါသည်။

၉.၅.၅။ မည်သည့်အခ (နှစ်စဉ်ကြေးအပါအဝင်) ကိုပြန်လည်ထုတ်ပေးမည်မဟုတ်ပါ။

၉.၅.၆။ ကတ်ကိုင်ဆောင်သူက ပေးချေရန်ရှိသည့်ကြွေးမြီများ အတွက် ကတ် သို့မဟုတ် Card Account မှ တိုက်ရိုက် ငွေထုတ်ယူခြင်းကိုရပ်စဲရန် ငွေလက်ခံမည့်အဖွဲ့အစည်းများသို့ အသိပေး အကြောင်းကြားခြင်း ပြုလုပ်ရန်မှာ ကတ်ကိုင်ဆောင်သူ၏ တာဝန်သာဖြစ်သည်။

## ၁၀။ အတိုး၊ အခ နှင့် ကျသင့်ငွေများ

၁၀.၁။ အခနှင့်ကျသင့်ငွေများလမ်းညွှန် နှင့် စာရင်းရှင်းတမ်းတွင်ဖော်ပြထားသော အတိုး၊ အခနှင့် ကျသင့်ငွေများအား အခါအားလျော်စွာပြောင်းလဲနိုင်သည်။ အတိုး၊ အခနှင့် ကျသင့်ငွေများတွင် အပြောင်းအလဲပြုလုပ်ခြင်း သို့မဟုတ် ဖြည့်စွက်ခြင်းများအား ဤသဘောတူညီချက်ပါ စည်းမျဉ်းများနှင့် အညီ ကတ်ကိုင်ဆောင်သူထံသို့ အသိပေး အကြောင်းကြားသွားမည်ဖြစ်သည်။ အတိုး၊ အခနှင့် ကျသင့်ငွေများ အားလုံးသည် ဆုံးဖြတ်ချက် မချမီဖြစ်စေ၊ ချပြီးနောက်တွင်ဖြစ်စေ ပေးချေရမည့် ကိစ္စရပ်များဖြစ်သည်။

၁၀.၂။ ပေးချေရမည်ဖြစ်သော အတိုး၊ အခနှင့် ကျသင့်ငွေများ ကို Card Account မှ ကောက်ခံခြင်း သို့မဟုတ် ထုတ်ယူခြင်းပြုလုပ်သွားမည်။

## ၁၁။ ငွေစာရင်းရှင်းတမ်းများ

၁၁.၁။ ငွေစာရင်းရှင်းတမ်းများ သို့မဟုတ် အတည်ပြုအကြောင်းကြားချက်အား ပုံမှန်စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ အီးမေးလ်မှ ဖြစ်စေ၊ လစဉ်ပို့ပေးသွားမည်။ ကတ်ကိုင်ဆောင်သူ၏ Card Account မှာအသက်မဝင်ဟုဆိုပါက ဘဏ်သည် မည်သည့်ရှင်းတမ်းကိုမျှ ကတ်ကိုင်ဆောင်သူထံသို့ ပေးပို့မည်မဟုတ်ပါ။

၁၁.၂။ ကတ်ကိုင်ဆောင်သူထံသို့ပို့ပေးသည့်ရှင်းတမ်းတွင် အမှားအယွင်းတစ်စုံတစ်ရာရှိနေကြောင်းကတ်ကိုင်ဆောင်သူက ယူဆသည်ဆိုပါက ထိုရှင်းတမ်းကို ထုတ်ပြန်သည့်နေ့မှစ၍ (၁၄) ရက် အတွင်း ကတ်ကိုင်ဆောင်သူ၏ ကန့်ကွက်ချက်ကို ရေဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်ကရရှိစေရန် ကတ်ကိုင်ဆောင်သူက ဆောင်ရွက်ရပါမည်။ ကတ်ကိုင်ဆောင်သူ၏ကန့်ကွက်ချက်ကို ဘဏ်က မရရှိခဲ့ပါလျှင် ထိုရှင်းတမ်း မှန်ကန်သည်ဟု မှတ်ယူရမည်ဖြစ်သည်။ ဘဏ်သည် ၎င်း၏တစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့် ကတ်ကိုင်ဆောင်သူ၏ ကန့်ကွက်ချက်အား လက်ခံရမည့်နေ့ကို ပြောင်းလဲနိုင်ပါသည်။

၁၁.၃။ အဆိုပြုချက်အားဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ကတ်ကိုင်ဆောင်သူသည် customer service center သို့ ဆက်သွယ်ရမည်ဖြစ်ပြီး လက်မှတ်ရေးထိုးထားသည့် အငြင်းပွားမှုထုတ်ဖော်ကြေညာချက်ပုံစံ (Dispute Declaration Form) နှင့် ဘဏ်ကလိုအပ်မည်ဖြစ်သော မည်သည့်စာရွက်စာတမ်း အထောက်အထားမဆိုအား ဘဏ်သို့ပေးအပ်ရမည်။ ဖြစ်စဉ်တစ်ခုချင်းစီပေါ်မူတည်ပြီး ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ထုံးလုပ်နည်းများ ကွဲပြားခြားနားသွားမည် ဖြစ်သည်။

၁၁.၄။ ကတ်ကိုင်ဆောင်သူအနေဖြင့် (၁၄) ရက် အတွင်း ဘဏ်သို့အကြောင်းကြားခြင်းမရှိပါက စာရင်းရှင်းတမ်းနှင့် ယင်းတွင် ဖော်ပြထားသည့်အချက်အလက်များမှာ နောက်ထပ်အထောက်အထား မလိုအပ်တော့သည့်၊ မှန်ကန်မှုရှိသည့် အပြီးသတ်အတည်ပြုချက်ပင်ဖြစ်ပြီး မည်သည့် transaction အတွက်မဆို ရှိနေသည့်တာဝန်များမှ ဘဏ်သည် ကင်းလွတ်သည်။

၁၁.၅။ မည်သည့်အကြောင်းကြောင့်မဆို ရေဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အပေါ်တွင်ရှိသည့် ကတ်ကိုင်ဆောင်သူ၏ တာဝန်ဝတ္တရားများ (အတိုးအတွက် ကတ်ကိုင်ဆောင်သူ၏ ပေးရန်တာဝန်အပါအဝင်) ကျန်ရှိသည်ဆိုပါကကတ်ကိုင်ဆောင်သူအနေဖြင့်ကတ်ကိုင်ဆောင်သူရှင်းတမ်းကိုရရှိမည်မဟုတ်ပါ။ အတိုးတွက်ရန်နှင့် ပေးချေရန် ရက်စွဲရောက်သည့်နေ့ကို သတ်မှတ်ရန်အတွက် ရေဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်သည် မည်သည့်ရက်ကိုမဆို ကတ်ကိုင်ဆောင်သူ၏ လစဉ်ရှင်းတမ်းထုတ်ပေးရန်နေ့အဖြစ် ရွေးချယ်သတ်မှတ်နိုင်သည်။

## ၁၂။ ပေးရန်တာဝန်မှကင်းလွတ်ခြင်း

အောက်ပါတို့အတွက် ရေဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်တွင် တာဝန်မရှိစေရ -

၁၂.၁။ မည်သည့် ငွေလက်ခံမည့်အဖွဲ့အစည်း သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် အခြားသော အဖွဲ့အစည်း တစ်ခုခုက ကတ်အားလက်ခံရန်ငြင်းဆိုခြင်း

၁၂.၂။ မည်သည့်ငွေလက်ခံမည့်အဖွဲ့အစည်းမဆိုက ပေးအပ်ခြင်းဖြစ်ပြီး ကတ်ဖြင့်ပေးချေသည့် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုတွင်ဖြစ်ပေါ်သော မည်သည့် ချွတ်ယွင်းချက်၊ ချို့တဲ့မှု၊ စွမ်းဆောင်မှု၊ အရည်အသွေးနှင့် ပတ်သက်၍ မဆို

၁၂.၃။ မည်သို့သောမလွန်ဆန်နိုင်သည့်ဖြစ်ရပ်များ၊ ဝန်ထမ်းဆန္ဒပြမှု၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှု၊ ပစ္စည်းချွတ်ယွင်းမှု၊ သို့မဟုတ် ဘဏ်၏ ထိန်းချုပ်နိုင်မှုထက် ကျော်လွန်နေသည့် အခြားသောအကြောင်းများ သို့မဟုတ် ကတ်ကိုင်ဆောင်သူ၏ မှတ်တမ်း၊ Account သို့မဟုတ် အခြားသော အကြောင်းအချက်များအား မရရှိခြင်း သို့မဟုတ် ဝင်ရောက်မှုမပြုနိုင်ခြင်းများကြောင့် ဘဏ်က လုပ်ငန်းဆောင်ရွက်မှု သို့မဟုတ် မည်သည့် ကတ် သို့မဟုတ် ဝန်ဆောင်မှုအား အသုံးပြုမှုကို ကန့်သတ်ခြင်း၊ ဖျက်သိမ်းခြင်း သို့မဟုတ် ရပ်စဲလိုက်ရခြင်းများကြောင့် ဖြစ်ပေါ်ရသည့် မည်သည့်ဆုံးရှုံးမှု မျိုးမဆို

၁၂.၄။ အောက်ပါဖြစ်ရပ်များအပါအဝင် ရေဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အား ဆုံးရှုံးနိုင်သည့် အလားအလာနှင့် ပတ်သက်၍ အကြံပြုမှုများရှိခဲ့သော်လည်း မည်သည့်ကတ်၊ Card Account သို့မဟုတ် ဝန်ဆောင်မှုများ သို့မဟုတ် မည်သို့သောအကြောင်း (ကျိုးကြောင်းဆီလျော်စွာ ကြိုတင်မှန်းဆနိုင်သည်ဖြစ်စေ၊ မှန်းဆမှု မပြုလုပ်နိုင်သည်ဖြစ်စေ) ကြောင့်မဆို ဖြစ်ပေါ်လာရသည့် ဖြစ်ရပ်များကြောင့် ကတ်ကိုင်ဆောင်သူ ကြုံတွေ့ရမည့် မည်သည့်ဆုံးရှုံးမှုမျိုးမဆို -

၁၂.၄.၁။ နိုင်ငံကကျင့်သုံးလျက်ရှိသည့် ဥပဒေစည်းကမ်းသတ်မှတ်ချက်များ သို့မဟုတ် ယင်းတို့မှတစ်ဆင့် ပြုလုပ်သည့် ပေးချေမှုများ သို့မဟုတ် ကတ်ကိုင်ဆောင်သူနှင့်သက်ဆိုင်သည့် ဖြစ်ရပ်များကြောင့် ပေးချေမှုအပေါ် ကန့်သတ်ခြင်း

၁၂.၄.၂။ မည်သည့်ဆန္ဒပြမှု၊ ပျက်ကွက်မှုဖြစ်စဉ်၊ ပေါ့ဆမှု သို့မဟုတ် မည်သည့်ငွေလက်ခံမည့်အဖွဲ့အစည်း သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်း မဆိုအားဖျက်သိမ်းခြင်း

၁၂.၄.၃။ ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက်၏ ထိန်းချုပ်နိုင်မှုထက် ကျော်လွန်နေသည့် အကြောင်းများ

၁၂.၄.၄။ ကတ်ကိုင်ဆောင်သူ၏လက်မှတ်အား အတုအပလုပ်ပြီး ကတ်ကိုင်ဆောင်သူ၏ကတ် သို့မဟုတ် PIN နံပါတ်ကို ခွင့်ပြုချက်မရဘဲအသုံးပြုခြင်း

၁၂.၄.၅။ မည်သည့်ဝန်ဆောင်မှုမျိုးကိုမဆို မရစေရန်ဆောင်ရွက်ခြင်း သို့မဟုတ် မသင့်မလျော်သော နည်းဖြင့် ဆောင်ရွက်ခြင်း

၁၂.၄.၆။ ကွန်ပျူတာ သို့မဟုတ် စနစ်အတွင်း ဗိုင်းရပ်စ်ဝင်ခြင်း သို့မဟုတ် ဗိုင်းရပ်စ်ဖြင့် အဖျက်အမှောက်လုပ်ခြင်း သို့မဟုတ် ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ မည်သည့်ဝန်ဆောင်မှုများ အတွင်းသို့ မဆို ဝင်ရောက်နှောက်ယှက်သည့် မည်သည့် အကြောင်းကြောင့်မဆို သို့မဟုတ် ဘဏ်က ပိုင်ဆိုင်သည့် သို့မဟုတ် ပိုင်ဆိုင်မှုမရှိသည့် ကွန်ပျူတာ ဆော့ဖ်ဝဲကြောင့်ဖြစ်စေ၊ ပစ္စည်းကြောင့်ဖြစ်စေ ဖြစ်ပေါ်ရသည့် ပျက်စီးမှု သို့မဟုတ် ချွတ်ယွင်းမှုဖြစ်ခြင်း

၁၂.၄.၇။ အီလက်ထရောနစ်စနစ်ဖြင့် ပြုလုပ်သည့် ငွေပေးချေမှုဆိုင်ရာ လွှဲပြောင်းမှုများအပါအဝင် နှောင့်နှေးမှု သို့မဟုတ် မှားယွင်းမှု

၁၂.၄.၈။ မည်သည့်ညွှန်ကြားချက်မဆိုအား ဆောင်ရွက်ပေးရန် ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက်က ငြင်းဆိုမှု သို့မဟုတ် ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက်က ဆောင်ရွက်ပေးသည့် သို့မဟုတ် ဆောင်ရွက်ပေးခြင်းမပြုသည့် အခြားသော အကြောင်းကိစ္စရပ်များ

၁၂.၄.၉။ မည်သည့်ကတ်၊ Card Account သို့မဟုတ် ဝန်ဆောင်မှုမဆိုအား ရပ်စဲခြင်း

၁၂.၄.၁၀။ ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ မှတ်တမ်းမှတ်ရာများ ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်း သို့မဟုတ် အမှားအယွင်းများဖြစ်ခြင်း

၁၂.၅။ သို့ရာတွင် ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ လိမ်လည်မှု သို့မဟုတ် ရည်ရွယ်ချက်ရှိရှိဖြင့် မသမာမှုပြုလုပ်ခြင်းများကြောင့် ထိုသို့သောဆုံးရှုံးမှုများအား တိုက်ရိုက်ဖြစ်ပေါ်စေသည်ဆိုပါက ကတ်ကိုင်ဆောင်သူ တိုက်ရိုက် ကြုံတွေ့ရသည့် ဆုံးရှုံးမှုများအတွက် ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်တွင် တာဝန်ရှိသည်။

၁၂.၅.၁။ မည်သည့်ကတ်မျိုးမဆိုအား ပြန်လည်ပိုင်ဆိုင်ထားရှိမှု သို့မဟုတ် ကတ်အားပြန်ပေးရန် တောင်းဆိုမှု သို့မဟုတ် မည်သည့် Card Account မဆိုအား ရပ်စဲမှုများနှင့်ဆက်နွယ်၍ (ကျိုးကြောင်းဆီလျော်မှုရှိစွာ ကြိုတင်မှန်းဆနိုင်သည်ဖြစ်စေ၊မှန်းဆခြင်းမပြုနိုင်သည်ဖြစ်စေ)ဖြစ်ပေါ်လာရသော ကတ်ကိုင်ဆောင်သူ၏ သိက္ခာ၊ သမာဓိ၊ ဂုဏ်သတင်းကို ထိခိုက် နစ်နာစေခြင်း

**၁၃။ ငွေသားထုတ်ယူခြင်း**

ကတ်ကိုင်ဆောင်သူ၏ကတ်အား ငွေသားထုတ်ယူရန်အတွက် အသုံးပြုနိုင်သည်။ ကြိုတင်ငွေအဖိုးအခနှင့်လည်း သက်ဆိုင်စေရမည်ဖြစ်ပြီး ကောက်ခံနိုင်သည်။ Transaction အား ငွေထုတ်စက်တွင် ဆောင်ရွက်ခြင်း မဟုတ်ပါက ကတ်ကိုင်ဆောင်သူထံမှ မှန်ကန်ကြောင်းသက်သေကို တောင်းခံနိုင်သည်။ ငွေထုတ်ယူမှုများသည် Transaction နှင့် နေ့စဉ်ကန့်သတ်ချက်များကို လိုက်နာရမည်။ Transaction ကန့်သတ်ချက်သည် ငွေရေးကြေးရေး အဖွဲ့အစည်းများအကြားတွင် အခါအားလျော်စွာ ကွဲပြား ခြားနားနိုင်သည်။ နေ့စဉ်ငွေထုတ်ယူမှုကန့်သတ်ချက်အား ကတ်ကိုင်ဆောင်သူက သတ်မှတ်၍မရဘဲ ဘဏ်ကဆုံးဖြတ်ပေးမည်ဖြစ်ပြီး မည်သည့်အချိန်တွင်မဆို ကတ်ကိုင်ဆောင်သူထံသို့ အသိပေးအကြောင်းကြားမှုမလုပ်ဘဲ ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက်၏ တစ်ဦးတည်း ဆုံးဖြတ်ချက်ဖြင့်ဘဏ်ကခွဲခြားဆောင်ရွက်နိုင်သည်။

**၁၄။ ATM အသုံးပြုခြင်း**

လျှို့ဝှက် PIN နံပါတ်ကိုအသုံးပြုပြီး ATM ရှိသည့်နေရာတွင် ကတ်ကိုအသုံးပြုနိုင်သည်။ PIN နံပါတ်ကို အသုံးပြုပြီး ပြုလုပ်သည့် transaction မှန်သမျှသည် ကတ်ကိုင်ဆောင်သူ၏ တာဝန်သာဖြစ်သည်။ Account(များ) အတွင်းရှိ ချေးငွေလက်ကျန် ပမာဏနှင့် မဆိုင်ဘဲ ဘဏ်က ဆုံးဖြတ်သည့်အတိုင်း တစ်နေ့လျှင်ထုတ်ယူနိုင်သည့် ပမာဏကိုသာ ထုတ်ယူခွင့်ရှိသည်ဆိုခြင်းကို ကတ်ကိုင်ဆောင်သူက သဘောတူသည်။ ဤပမာဏအား အခါအားလျော်စွာ ထုတ်ပြန်ကြေညာ ပေးသွားမည်ဖြစ်သည်။ ဤကန့်သတ်ချက်အား ချိုးဖောက်မှုမှန်သမျှကြောင့် ကတ်ဝန်ဆောင်မှုအား ရုပ်သိမ်းလိုက်မှုဖြစ်စေနိုင်သည်။ ကတ်ကိုင်ဆောင်သူအနေဖြင့် ATM တစ်ခုခုတွင် transaction ပြုလုပ်လိုက်သည်ဆိုပါက ၎င်းသည် ပုံနှိပ်ဖော်ပြထားသည့် transaction မှတ်တမ်း ဥပမာ - transaction slip/ ATM ပြေစာ ကို ရယူလိုကရယူနိုင်သည်။ ကတ်အားကတ်ကိုင်ဆောင်သူကအသုံးပြုချိန်တွင် ကျန်ရှိသည့် ငွေကြေးပမာဏကို ATM ပြေစာတွင် တွေ့နိုင်မည်ဖြစ်သည်။ ATM တွင် ပြုလုပ်သည့် Transaction အားလုံးနှင့် ပတ်သက်သည့် မှတ်တမ်းများအား ကတ်ကိုင်ဆောင်သူအနေဖြင့် ၎င်းနှင့်အတူ သိမ်းဆည်းထားရန် အကြံပြုလိုသည်။ Account အတွင်း လုံလောက်သည့် ငွေကြေးမရှိဘဲ ကတ်ကိုအသုံးပြုပြီး ငွေထုတ်ခြင်းမပြုပါဟူ၍ ကတ်ကိုင်ဆောင်သူက သဘောတူသည်။ Account အတွင်းလုံလောက်သော ငွေကြေးပမာဏ ရှိနေစေရန်မှာ ကတ်ကိုင်ဆောင်သူထံတွင်သာလျှင် လုံးဝတာဝန်ရှိသည်။

**၁၅။ MERCHANT LOCATION ကိုအသုံးပြုခြင်း**

ဘဏ် နှင့်/သို့မဟုတ် ဘဏ်ကအသိအမှတ်ပြုထားသည့် အခြားသော အေဂျင်စီများ၏ logo များကို ဖော်ပြထားပြီး POS terminal များရှိသည့် မြန်မာနိုင်ငံအတွင်းနှင့်နိုင်ငံခြားရှိ Merchant Establishment နေရာအားလုံးတွင် ကတ်ကို အသုံးပြုနိုင်ပါသည်။ POS terminal မှ အီလက်ထရောနစ်နည်းဖြင့် charge slip/ sales slip များ ထုတ်ယူရမည်ဖြစ်သောကြောင့် ကတ် အား အီလက်ထရောနစ်နည်းဖြင့် အသုံးပြုရန်သာဖြစ်ပါသည်။ ကတ်ကိုင်ဆောင်သူသည် Establishment တွင် ကတ်ကိုအသုံးပြုချိန်တွင် sales slip ကို လက်မှတ်ထိုးပေးရမည် ဖြစ်ပြီး မိတ္တူကိုရယူထားရမည်။ sales slip မိတ္တူအားထုတ်ပေးရခြင်းအတွက် ဘဏ်သည် နောက်ထပ်ကျသင့်ငွေကို ကောက်ခံမည်ဖြစ်သည်။ ကတ်ကိုင်ဆောင်သူကိုယ်တိုင် လက်မှတ်ရေးထိုးထားခြင်း မရှိသော်လည်း ကတ်ကိုင်ဆောင်သူက ခွင့်ပြုပေးထားသည်ဟု အတည်ပြုနိုင်သည့် မည်သည့် sales slip မဆိုသည်

ကတ်ကိုင်ဆောင်သူ၏ တာဝန်သာလျှင်ဖြစ်သည်။ POS Terminal ၏ လုပ်ငန်းဆောင်ရွက်နိုင်မှုအပေါ်မူတည်ပြီး Merchant location များတွင်တပ်ဆင်ထားသော POS terminal များတွင် ကတ်ကိုင်ဆောင်သူ၏ လက်မှတ် သို့မဟုတ် PIN နံပါတ်ကို အသုံးပြုပြီး ကတ်ကိုအသုံးပြုနိုင်သည်။ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများပေးအပ်မှုဟူ၍သာ ကန့်သတ်ထားမှုမဟုတ်သော်လည်း ယင်းတို့အပါအဝင်ဖြစ်ပြီး ကတ်ကိုင်ဆောင်သူက Merchant နှင့်ပြုလုပ်သည့် ဆောင်ရွက်ချက်မှန်သမျှအတွက် ဘဏ်တွင် တာဝန်မရှိစေရ။ မည်သည့် Merchant Establishment များမဆိုနှင့် ပတ်သက်ပြီး ကတ်ကိုင်ဆောင်သူတွင် မကျေနပ်ချက်များရှိသည်ဆိုပါက ကတ်ကိုင်ဆောင်သူနှင့် Merchant Establishment သည် ထိုကိစ္စကို ဖြေရှင်းပေးရမည်ဖြစ်ပြီး ပြဿနာကို ဖြေရှင်းနိုင်ခြင်းမရှိပါက ဘဏ်အပေါ်တွင်ရှိသည့် ၎င်း၏တာဝန် ဝတ္တရားများမှ ကတ်ကိုင်ဆောင်သူအနေဖြင့် ကင်းလွတ်ခွင့်မရှိစေရ။

သို့ရာတွင် ကတ်ကိုင်ဆောင်သူသည် ၎င်း၏မကျေနပ်ချက်အား ဘဏ်သို့ချက်ခြင်း အသိပေး အကြောင်းကြားရမည်။ Merchant Establishment က ကောက်ခံသည့် မည်သည့်အပိုကြေးကိုမဆိုနှင့် ကတ်ကိုအသုံးပြုသည့် Transaction ပမာဏအတွက် ကတ်ကိုင်ဆောင်သူ၏ စာရင်းမှနုတ်ယူခြင်းနှင့် ပတ်သက်ပြီး ဘဏ်တွင်တာဝန်မရှိစေရ။ ကတ်ပျောက်ဆုံးမှု၊ ခိုးယူခံရမှု၊ လိမ်လည်အသုံးပြုမှုအတွက် ကတ်ကိုင်ဆောင်သူက အတည်ပြုပေးရမည့်ကိစ္စရပ်မျိုးမှအပ ပေးချေမှုအတွက် Merchant Establishment ထံမှ ဘဏ်က ရရှိသည့် ကျသင့်ငွေနှင့် အခြားသောပေးချေမှုတောင်းခံလွှာများသည် ထိုသို့သောတောင်းခံလွှာအပေါ် ထိုသို့သော ပေးချေမှုပမာဏအတွက် ကတ်ကိုင်ဆောင်သူက Merchant Establishment တွင် ကတ်ကိုအသုံးပြုပြီး တောင်းခံလွှာတွင် ဖော်ပြထားသည့်အခအား သင့်တင့်လျောက်ပတ်စွာ ကျခံထားပြီးဖြစ်သည်ဆိုသည့် အပြီးသတ် အတည်ပြုမှတ်တမ်းပင်ဖြစ်သည်။ အမှားအယွင်းတစ်ခုခုကြောင့်ဖြစ်စေ၊ ရောင်းကုန်ပြန်ပေးခြင်း (merchandise return) ကြောင့်ဖြစ်စေ ကတ်ကိုင်ဆောင်သူအနေဖြင့် ပြုလုပ်လိုက်ပြီးဖြစ်သည့် transaction အား ဖျက်သိမ်းလိုသည်ဆိုပါက Merchant သည် အစောပိုင်းကပြုလုပ်ခဲ့သည့် sales slip ကိုဖျက်သိမ်းရမည်ဖြစ်ပြီး ကတ်ကိုင်ဆောင်သူသည် ဖျက်သိမ်းလိုက်သည့် sales slip ကိုယူထားရမည်။ Transactions charge slip / sales slip များကြောင့် ပေးသွင်းငွေအား ပြောင်းလဲခြင်း/ ငွေပြန်အမ်းခြင်းများနှင့်စပ်လျဉ်း၍လျှင် ထိုသို့သော Transactions charge slip / sales slip ကို တောင်းခံလာသည်ဆိုပါက ကတ်ကိုင်ဆောင်သူက ထုတ်ပေးရမည်ဖြစ်သည်။ ဟိုတယ်များတွင် check-in ပြုလုပ်ရန်လည်းကောင်း၊ အရောင်းအဝယ် သို့မဟုတ် ဝန်ဆောင်မှုမပြီးစီးသေးမီ ပေးချေမှုပြုလုပ်ရန်လည်းကောင်း ကတ်ကိုအသုံးမပြုရ။

## ၁၆။ INTERNET WEBSITE အသုံးပြုခြင်း

ရေဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက်၏ logo ကိုဖော်ပြထားပြီး အင်တာနက်မှ တစ်ဆင့် အရောင်းအဝယ် ပြုလုပ်နိုင်သည့် ကုန်ပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှုများပေးနိုင်သည့် မြန်မာနိုင်ငံအတွင်းနှင့် နိုင်ငံခြားရှိ Internet Website အားလုံးတွင် ကတ် ကိုင်ဆောင်သူသည် ကတ်ကို အသုံးပြုနိုင်မည်ဖြစ်သည်။ Transaction လုပ်လိုက်သည့်ပမာဏကို ကတ်နှင့်ချိတ်ဆက်ထားသည့် Account မှ ချက်ခြင်း နုတ်ယူမည် ဖြစ်သည်။ ကတ်နံပါတ်၊ CVV2 security digits နှင့် ကတ်၏ကျောဘက်တွင်ရှိသည့် grid values များကိုသုံးပြီး ကတ်ကိုအသုံးပြုနိုင်သည်။ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများပေးအပ်မှုဟူ၍သာ ကန့်သတ်ထားမှု

မဟုတ်သော်လည်း ယင်းတို့အပါအဝင်ဖြစ်ပြီး ကတ်ကိုင်ဆောင်သူက internet website တွင်ပြုလုပ်သည့် ဆောင်ရွက်ချက်မှန်သမျှအတွက် ဘဏ်တွင် တာဝန်မရှိစေရ။

Internet Website မှတင်လိုက်သည့် မည်သည့် transaction မဆိုနှင့်ပတ်သက်ပြီး မည်သို့သော မကျေနပ်ချက်များ ကတ်ကိုင်ဆောင်သူထံတွင်ဖြစ်လာပါက ထိုကိစ္စအား merchant နှင့် ဖြေရှင်းရမည်ဖြစ်ပြီး ပြဿနာကို ဖြေရှင်းနိုင်ခြင်းမရှိပါက ဘဏ်အပေါ်တွင်ရှိသည့် ၎င်း၏ တာဝန်ဝတ္တရားများမှ ကတ်ကိုင်ဆောင်သူ အနေဖြင့် ကင်းလွတ်ခွင့်မရှိစေရ။ သို့ရာတွင် ကတ်ကိုင်ဆောင်သူသည် ၎င်း၏မကျေနပ်ချက်အား ဘဏ်သို့ချက်ခြင်း အသိပေး အကြောင်းကြားရမည်။ မည်သည့် Internet Website မဆိုက ကောက်ခံသည့် မည်သည့် အပိုကြေးကိုမဆိုနှင့် ကတ်ကို အသုံးပြုသည့် Transaction ပမာဏအတွက် ကတ်ကိုင်ဆောင်သူ၏ စာရင်းမှ နှုတ်ယူခြင်းနှင့်ပတ်သက်ပြီး ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက်တွင် တာဝန်မရှိစေရ။ ကတ်ပျောက်ဆုံးမှု၊ ခိုးယူခံရမှု၊ လိမ်လည်အသုံးပြုမှု အတွက် ကတ်ကိုင်ဆောင်သူက အတည်ပြုပေးရမည့် ကိစ္စရပ်မျိုးမှအပ ပေးချေမှုအတွက် Internet Website ထံမှ ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက်က ရရှိသည့် ကျသင့်ငွေနှင့်အခြားသော ပေးချေမှု တောင်းခံလွှာ များသည် ထိုသို့သော တောင်းခံလွှာအပေါ် ထိုသို့သော ပေးချေမှုပမာဏအတွက် ကတ်ကိုင်ဆောင်သူက Internet Website တွင် ကတ်ကိုအသုံးပြုပြီး တောင်းခံလွှာတွင် ဖော်ပြထားသည့် အဖိုးအခအား သင့်တင့်လျောက်ပတ်စွာ ကျခံထားပြီးဖြစ်သည်ဆိုသည့် အပြီးသတ် အတည်ပြု မှတ်တမ်းပင်ဖြစ်သည်။ အမှားအယွင်းတစ်ခုခုကြောင့်ဖြစ်စေ၊ ရောင်းကုန်ပြန်ပေးခြင်း (merchandise return) ကြောင့်ဖြစ်စေ ကတ်ကိုင်ဆောင်သူအနေဖြင့် ပြုလုပ်လိုက်ပြီးဖြစ်သည့် transaction အား ဖျက်သိမ်းလိုသည်ဆိုပါက အစောပိုင်းကပြုလုပ်ခဲ့သည့် sales slip ကို Internet Website မှ ပယ်ဖျက် ပေးရမည်ဖြစ်ပြီး ကတ်ကိုင်ဆောင်သူသည် ဖျက်သိမ်းလိုက်သည့် အီလက်ထရောနစ် ပြေစာကို ယူထားရမည်။ ထိုသို့သော transaction များကြောင့် နှုတ်ယူထားသည့် ပေးသွင်းငွေအား ပြောင်းလဲခြင်း/ ငွေပြန်အမ်းခြင်းများအား လူကိုယ်တိုင်လုပ်ရမည်ဖြစ်ပြီး ပယ်ဖျက်လိုက်သည့် ပြေစာ၏ အီလက်ထရောနစ် မိတ္တူကို တောင်းခံလာသည် ဆိုပါက ကတ်ကိုင်ဆောင်သူက ထုတ်ပေးရမည်ဖြစ်သည်။ မေးလ်/ဖုန်းတို့ဖြင့်အမှာစာပို့ထားခြင်းအတွက် ကတ်ကို အသုံးမပြုရ။

ထိုသို့အသုံးပြုခြင်းအတွက် ကတ်ကိုင်ဆောင်သူထံတွင်သာ တာဝန်ရှိသည်။ ဤစည်းမျဉ်းနှင့် စည်းကမ်း သတ်မှတ်ချက်များအပြင် Internet Banking ဆိုင်ရာ စည်းမျဉ်းနှင့်စည်းကမ်း သတ်မှတ်ချက်များကိုလည်း လိုက်နာပါမည်ဟူ၍ ကတ်ကိုင်ဆောင်သူက သဘောတူသည်။

## ၁၇။ အထွေထွေ

### ၁၇။၁။ **စိတ်ကောင်းစေတနာကောင်းဖြင့်ဆောင်ရွက်ခြင်း**

လုပ်ငန်းဆောင်ရွက်ပိုင်ခွင့်အရ ကတ်ကိုင်ဆောင်သူကဖြစ်စေ၊ ခွင့်ပြုချက်ရသူကဖြစ်စေ ပေးသည့် ညွှန်ကြားချက်များအား စိတ်ကောင်းစေတနာကောင်းကို အရင်းခံလျက် ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်က ယုံကြည်သည်ဆိုလျှင် ထိုညွှန်ကြားချက်များကို ဘဏ်က ဆောင်ရွက် ပေးသွားမည် ဖြစ်သည်။ ကတ်ကိုင်ဆောင်သူသည် ၎င်း၏အကြောင်းအရာနှင့် ဆက်သွယ်ရမည့် ဖုန်းနံပတ်များအား ဘဏ်သို့ပေးထားရမည် ဖြစ်ပြီး ထိုသို့ပေးထားခြင်းအားဖြင့် ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက်သည်

နောက်ဆုံးအခြေအနေများနှင့် သက်ဆိုင်သည့် အသိပေးအကြောင်းကြား မှုများ၊ အခြားသော ဆက်သွယ်မှုများကို ကတ်ကိုင်ဆောင်သူထံသို့ အချိန်မရွေးပေးပို့သွားနိုင်မည် ဖြစ်ပါသည်။ ကတ်ကိုင်ဆောင်သူသည် ၎င်း၏ အမည်ပြောင်းခြင်း သို့မဟုတ် ဆက်သွယ်ရမည့် ဖုန်းနံပါတ် ပြောင်းလဲခြင်းများအား ဘဏ်သို့ စာလျှင်စွာ အကြောင်းကြားရမည်ဖြစ်ပြီး ထိုသို့အပြောင်းအလဲဖြစ်ခြင်းအသက်ဝင်လာစေရန် ဘဏ်အား လုံလောက်သည့် အချိန်ပေးအပ်ရပါမည်။

၁၇။၂။ **ကတ်ကိုင်ဆောင်သူထံဆက်သွယ်ရမည့်အသေးစိတ်အချက်အလက်**

ကတ်ကိုင်ဆောင်သူသည် ၎င်း၏အကြောင်းအရာနှင့်ဆက်သွယ်ရမည့် ဖုန်းနံပတ်များအား ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်သို့ပေးထားရမည်ဖြစ်ပြီး ထိုသို့ပေးထားခြင်းအားဖြင့် ဘဏ်သည် ကတ်ကိုင်ဆောင်သူ၏ Account၊ ဝန်ဆောင်မှုနှင့် သက်ဆိုင်သည့် အသိပေးအကြောင်းကြားမှုများ၊ အခြားသောဆက်သွယ်မှုများကို ကတ်ကိုင်ဆောင်သူထံသို့ ပေးပို့ သွားနိုင်မည်ဖြစ်ပါသည်။ ကတ်ကိုင်ဆောင်သူ၏ အကြောင်းအရာနှင့် ဆက်သယ်ရမည့် အသေးစိတ် အချက်အလက်များသည် မှန်ကန်ပြီး အချိန်မရွေး နောက်ဆုံး အခြေအနေနှင့် ကိုက်ညီမှုရှိစေရန် ကတ်ကိုင်ဆောင်သူက ဆောင်ရွက်ထားရမည် ဖြစ်ပါသည်။ ကတ်ကိုင်ဆောင်သူသည် ၎င်း၏ အမည်ပြောင်းခြင်း သို့မဟုတ် ဆက်သွယ်ရမည့် အသေးစိတ်အချက်များတွင် ပြုလုပ်သည့် ပြောင်းလဲမှုများအား ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက်သို့ စာလျှင်စွာ အကြောင်းကြားရမည်ဖြစ်ပြီး ထိုသို့အပြောင်းအလဲဖြစ်ခြင်း အသက်ဝင်လာစေရန် ဘဏ်အား လုံလောက်သည့် အချိန် ပေးရပါမည်။

၁၇။၃။ **အသိပေးအကြောင်းကြားခြင်းနှင့် ဆက်သွယ်ခြင်း**

ကတ်ကိုင်ဆောင်သူထံသို့ပေးပို့မည့် အသိပေးအကြောင်းကြားမှုနှင့် ဆက်သွယ်မှု ပြုလုပ်ခြင်း များအား ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက်၏ မှတ်တမ်းမှတ်ရာများ အတွင်းရှိ နောက်ဆုံးသိရှိထားသော လိပ်စာ၊ facsimile နှင့်/သို့မဟုတ် လိုင်းဖုန်း/လက်ကိုင်ဖုန်းနံပါတ် သို့မဟုတ် အီးမေးလ်လိပ်စာသို့ ဘဏ်က သင့်တော်သည်ဟုယူဆသည့်နည်းလမ်းဖြင့် ပေးပို့သွားမည်ဖြစ်သည်။

ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ဝန်ဆောင်မှုများ၊ ဘဏ်ခွဲများ သို့မဟုတ် ဘဏ်၏ ATM များ သို့မဟုတ် ဝက်ဆိုက် သို့မဟုတ် ကတ်ကိုင်ဆောင်သူထံသို့ပို့မည့် စာရင်းရှင်းတမ်း သို့မဟုတ် နေ့စဉ်သတင်းစာ သို့မဟုတ် ရေဒီယို သို့မဟုတ် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ဖော်ပြခြင်း သို့မဟုတ် အသိပေးခြင်းများပြုလုပ်ပြီး ဘဏ်သည် ကတ်ကိုင်ဆောင်သူထံသို့ အသိပေးအကြောင်းကြားခြင်း၊ ဆက်သွယ်မှုပြုလုပ်ခြင်းများကို ဆောင်ရွက်နိုင်သည်။

၁၇။၄။ **ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏အသိပေးအကြောင်းကြားမှုများ၊ ဆက်သွယ်မှုများသည် မည်သည့်အချိန်တွင် အကျိုးသက်ရောက်မှု**

စာဖြင့်အတိအလင်း ရေးသားဖော်ပြထားမှုမရှိပါက ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီ လီမိတက်၏ အသိပေး အကြောင်းကြားမှုများဆက်သွယ်မှုများသည် အောက်ပါတို့နှင့်ကိုက်ညီလျှင်အကျိုးသက်ရောက်မှုရှိသည် -

၁၇။၄။၁။ စာတိုက်မှ မြန်မာနိုင်ငံအတွင်းရှိလိပ်စာတစ်ခုသို့ပေးပို့သည်ဆိုပါက စာတိုက်မှ ပေးပို့ပြီးနောက် အလုပ်ရက် (၅) ရက်အတွင်း

၁၇။၄။၂။ ဖက်စ်၊ အီးမေးလ် သို့မဟုတ် SMS ဖြင့်ပေးပို့သည်ဆိုလျှင် ပေးပို့လိုက်သည့်အချိန်

၁၇။၄။၃။ လူဖြင့်လက်ကမ်းပေးသည်ဆိုလျှင် ပေးပို့လိုက်သည့်အချိန် သို့မဟုတ် ပေးပို့သည့်လိပ်စာ သို့ရောက်ရှိချိန်

၁၇။၄။၄။ ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက်၏ ဘဏ်ခွဲများ သို့မဟုတ် ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ ATM များတွင်ပြသထားခြင်း သို့မဟုတ် ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက်၏ ဝက်ဆိုဒ်တွင် တင်ထားခြင်းဖြစ်ပါက ပြသထားသည့်နေ့ သို့မဟုတ် တင်လိုက်သည့်နေ့

၁၇။၄။၅။ ရေဒီယို သို့မဟုတ် ရုပ်မြင်သံကြားမှ ကြေညာထုတ်လွှင့်ပေးခြင်းဖြစ်သည်ဆိုလျှင် ထိုသို့ ကြေညာထုတ်လွှင့်လိုက်သည့်ရက်

၁၇။၄။၆။ အသိပေးအကြောင်းကြားမှု သို့မဟုတ် ဆက်သွယ်မှုများအား ပေးပို့ပြုလုပ်ပြီးနောက် ၎င်းတို့နှင့်ပတ်သက်၍ ပေါ်ပေါက်လာနိုင်သည့် ကိစ္စရပ်များအတွက် ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက်တွင် တာဝန်မရှိစေရ။ ဥပမာ - အသိပေး အကြောင်းကြားမှု သို့မဟုတ် ဆက်သွယ်မှုများ နှောင့်နှေးခြင်း၊ ကြားဖြတ်ခံရခြင်း၊ ပျောက်ဆုံးခြင်း၊ လိပ်စာသို့ မရောက်ခြင်း သို့မဟုတ် ပေးပို့စဉ်ကာလအတွင်း မည်သူ့ထံသို့မဆို ထုတ်ဖော်ပြသခြင်း တို့ဖြစ်သည်။

၁၇။၅။ **အသံသွင်းယူထားခြင်း**

warning tone device ကိုအသုံးပြု၍ဖြစ်စေ၊ အသုံးမပြုဘဲနေ၍ဖြစ်စေ၊ ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်သည် ညွှန်ကြားချက်များနှင့် ဖုန်းမှတစ်ဆင့်ပြုလုပ်သည့် အခြားသော ပြောဆိုဆွေးနွေးမှုများအား အသံသွင်းယူထားမည်ဖြစ်သည်။ ထိုသို့အသံသွင်းယူထားမှု သို့မဟုတ် စာသားအဖြစ် ပြောင်းလဲမှုအား ညွှန်ကြားချက်များနှင့် ဖုန်းမှတစ်ဆင့်ပြုလုပ်သည့် အခြားသော ပြောဆိုဆွေးနွေးမှုများအတွက် အပြီးသတ်အထောက်အထားအဖြစ်အသုံးပြုသွားမည်ဖြစ်သည်ဆိုသည်ကိုကတ်ကိုင်ဆောင်သူကသဘောတူသည်။

၁၇။၆။ **ငွေလက်ခံမည့် အဖွဲ့အစည်း (Payee Corporation)**

၁၇.၆.၁။ မည်သည့် ငွေလက်ခံမည့်အဖွဲ့အစည်း သို့မဟုတ် အခြားသောအဖွဲ့က ကတ်ကိုင်ဆောင်သူ အပေါ်ရှိသည့် မည်သည့်မကျေနပ်ချက်မျိုးကိုမဆို ကတ်ကိုင်ဆောင်သူသည် ၎င်းတို့နှင့် တိုက်ရိုက်ဖြေရှင်းဆောင်ရွက်ပေးရမည်။ ၎င်းတို့အပေါ်တွင် ကတ်ကိုင်ဆောင်သူက ရှိနေသည့် မည်သည့်စောဒကတက်မျိုးမဆိုအတွက် ကတ်ကိုင်ဆောင်သူအနေဖြင့် ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက်မှ ခုနှိမ်ခြင်း မပြုနိုင်ပါ။

၁၇.၆.၂။ ပေးချေမှုနှင့်ပတ်သက်၍ ငွေလက်ခံမည့်အဖွဲ့အစည်းနှင့် အငြင်းပွားမှုဖြစ်ပွားသည်ဆိုပါက ငွေလက်ခံသည့် အဖွဲ့အစည်းက ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သို့ ပေးချေမှုအား ပြန်လည်ပေးသွင်းပြီးမှသာလျှင် transaction အတွက်ပေးသည့် ပြန်အမ်းငွေကို ကတ်ကိုင်ဆောင်သူထံသို့ ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။

၁၇.၇။ **ခုနှိမ်ပိုင်ခွင့်**

၁၇.၇.၁။ ဥပဒေအရ ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်တွင်ရှိသည့် အခွင့်အရေးများအပြင် ဧရာဝတီဘဏ်သည် ကတ်ကိုင်ဆောင်သူထံသို့ ကြိုတင်အကြောင်းကြားမှုမလုပ်ဘဲ ကတ်ကိုင်ဆောင်သူ၏ Account များ (Card Account များအပါအဝင်) (တစ်ဦးတည်းဖြစ်စေ၊ ပူးတွဲဖွင့်လှစ်ထားသည်ဖြစ်စေ၊ ကုန်အမှတ်အမည် နှင့် sole-proprietorship တို့အပါအဝင် မည်သည့်အနေအထား၊ အမည် သို့မဟုတ် ပုံစံဖြင့်ဖွင့်ထားသည်ဖြစ်စေ) အား ပေါင်းစည်းခြင်း သို့မဟုတ် စုစည်းခြင်းလုပ်နိုင်ပြီး မည်သည့်ပေးရန် တာဝန်အတွက်မဆို ချေးငွေလက်ကျန် (သက်တမ်းစေ့သည်ဖြစ်စေ၊ မစေ့သေးသည်ဖြစ်စေ) မှ ခုနှိမ်ပိုင်ခွင့် ရှိသည်။

၁၇.၇.၂။ ထိုသို့သော ပေါင်းစည်းခြင်း၊ စုစည်းခြင်းနှင့် ခုနှိမ်ခြင်းများ လုပ်ရာတွင် ငွေကြေးစနစ်တစ်ခုမှ အခြားစနစ်တစ်ခုသို့ ပြောင်းလဲရန်လိုအပ်သည်ဆိုပါက ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက်သည် ၎င်း၏ ဆုံးဖြတ်ချက်အရ ဆောင်ရွက်မည်ဖြစ်သည့် မည်သည့်အနေအထားမျိုးဖြင့်မဆို ဘဏ်၏ ငွေလဲလှယ်မှု ပေါက်ဈေးအတိုင်း ငွေကြေးစနစ်တစ်ခုမှအခြားတစ်ခုသို့ပြောင်းလဲပိုင်ခွင့်ရှိသည်ကို ကတ်ကိုင်ဆောင်သူကသဘောတူသည်။ကတ်ကိုင်ဆောင်သူသည် ထိုသို့ငွေကြေးစနစ် ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာရသော လျော့နည်းသွားမှုများအတွက် ဘဏ်အား လျော်ကြေးပေးရမည်ဖြစ်ပြီး ထိုသို့ ငွေကြေးစနစ်ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာရသော ဆုံးရှုံးမှုနှင့် ဆုံးရှုံးနိုင်ခြေများ အတွက် ကတ်ကိုင်ဆောင်သူက တာဝန်ယူရမည် ဖြစ်သည်။

၁၇.၇.၃။ Principal Card member ထံတွင်ရှိသည့် မည်သည့် Account မဆို၏ Card Account များအား ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက်က ပေါင်းစည်းခြင်း သို့မဟုတ် စုစည်းခြင်းလုပ်နိုင်ပြီး Principal Card member ကဖြစ်စေ၊ ဆင့်ပွားကတ် ကိုင်ဆောင်သူ မည်သူမဆိုကဖြစ်စေ ပေးချေရမည်ဖြစ်သော သို့မဟုတ် ကြွေးတင်နေသော မည်သည့်ပေးရန် တာဝန်အတွက်မဆို ချေးငွေလက်ကျန် (သက်တမ်းစေ့သည် ဖြစ်စေ၊ မစေ့သေးသည်ဖြစ်စေ) မှ ခုနှိမ်ပိုင်ခွင့်ရှိသည်။

၁၇.၇.၄။ တတိယအုပ်စုဝင်ကဖြစ်စေ၊ ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက်က ဖြစ်စေ ကမှားယွင်း၍ ဖြစ်စေ၊ သို့မဟုတ် မည်သည့် အကြောင်းမဆိုကြောင့်ဖြစ်စေ မှားယွင်းပေးပို့မိသော မည်သည့်အပိုငွေကိုမဆိုပြန်ပေးရန် ကတ်ကိုင်ဆောင်သူထံတွင် တာဝန်ရှိသည်။ ထိုသို့သောငွေကြေးသည် customer က မှန်မှန်ကန်ကန် ပိုင်ဆိုင်ရရှိရမည့်ငွေကြေးမဟုတ်သည့်အတွက် ဘဏ်သည် ထိုသို့ပို၍ ထုတ်ပေးမိသောငွေကို မည်သည့် ကန့်သတ်ချက်မျှမရှိဘဲ သို့မဟုတ် အသိပေး အကြောင်းကြားမှုမလုပ်ဘဲ ကျိုးကြောင်းဆီလျော်သည့် အခြားသော နည်းဖြင့် ခုနှိမ်ပိုင်ခွင့်ရှိသည်။

၁၇.၈။ **အပြီးသတ်အထောက်အထား**

၁၇.၈.၁။ သိသာထင်ရှားသည့်မှားယွင်းမှု မရှိဟုဆိုပါက အကြောင်းအရာကိစ္စရပ်တစ်ခု သို့မဟုတ် ပေးချေရမည့် ပမာဏနှင့်ပတ်သက်ပြီးမည်သည့်ပုံစံမျိုးဖြင့်မဆိုပြုလုပ်ထားသည့်ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ မှတ်တမ်းမှတ်ရာများ (စာရွက်ပေါ်တွင်ဖြင့်ဖြစ်စေ၊ အီလက်ထရောနစ်နည်း သို့မဟုတ် အခြားသောပုံစံဖြင့် ပြုလုပ်ထားမှုများအပါအဝင်)နှင့် ဘဏ်က ထုတ်ပေးထားသည့် မည်သည့်

အသိအမှတ်ပြု လက်မှတ် (မည်သည့်ကြေညာချက်၊ အစီရင်ခံမှု သို့မဟုတ် ဆက်သွယ်မှု မျိုးမဆိုအပါအဝင်) သို့မဟုတ် ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်က ချမှတ်သည့် ဆုံးဖြတ်ချက်သည် အပြီးသတ်အတည် ပင်ဖြစ်သည်။

၁၇.၈.၂။ သက်ဆိုင်ရာဥပဒေက ခွင့်ပြုပေးထားသည့်အချိန်နောက်ပိုင်းတွင် ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် ထိုသို့သော မည်သည့် မှတ်တမ်းမှတ်ရာမျိုးကိုမဆို ဖျက်ဆီးခြင်း၊ ဖျက်ခြင်း သို့မဟုတ် ထိန်းသိမ်းထားမှုအား ရပ်စဲခြင်းများကို ပြုလုပ်နိုင်သည်။

၁၇.၉။ **ထုတ်ဖော်ပြောဆိုခြင်း**

မြန်မာနိုင်ငံဥပဒေများနှင့်အညီ ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်သည် ဘဏ်၏ customer များနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များအား ထုတ်ဖော်ခွင့်ရှိသည်။ ဤသဘောတူညီချက်တွင် မည်သို့ပင်ရှိသည်ဆိုစေကာမူ Account အသေးစိတ်အချက်အလက် (တစ်ဦးချင်းဖြစ်စေ၊ ပူးတွဲဖွင့်လှစ်ထားသည်ဖြစ်စေ)၊ ကတ်ကိုင်ဆောင်သူ၏ ချေးငွေ အခြေအနေနှင့် ငွေရေးကြေးရေးအနေအထား၊ ကတ်ကိုင်ဆောင်သူသို့ပေးထားသည့် မည်သည့် ဝန်ဆောင်မှုမျိုးမဆို သို့မဟုတ် လူအများသိထားပြီးဖြစ်သည့် သတင်းအချက်အလက်များ အပါအဝင် ကတ်ကိုင်ဆောင်သူနှင့် အခြားသော ခွင့်ပြုချက်ရရှိထားသည့် ပုဂ္ဂိုလ်တို့နှင့် သက်ဆိုင်သော မည်သည့် သတင်းအချက်အလက်နှင့် အကြောင်းအရာကိုမဆို ကတ်ကိုင်ဆောင်သူထံသို့ ကြိုတင်အသိပေးအကြောင်းကြားမှုမလုပ်ဘဲ ဘဏ်က ထုတ်ဖော်ပြောဆိုနိုင်သည်ကို ကတ်ကိုင်ဆောင်သူကသဘောတူပြီးထိုသို့ဆောင်ရွက်နိုင်ခွင့်အား ဘဏ်သို့ ခွင့်ပြုပေးထားသည်။ ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်က သင့်တော်သည်ဟု ယူဆပြီး အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံသို့ ၎င်းတို့က လိုအပ်သည် သို့မဟုတ် ၎င်းတို့က အလိုရှိသည် ဟုဆိုလျှင်ထိုသို့သောအသေးစိတ်အချက်အလက်များအား ဘဏ်က ထုတ်ဖော်နိုင်သည်။

၁၇.၉.၁။ မည်သည့်ခွင့်ပြုချက်ရထားသည့်ပုဂ္ဂိုလ်၊ Card member၊ အလုပ်ရှင်မဆို

၁၇.၉.၂။ ဝန်ဆောင်မှုပေးခြင်း၊ နောက်ဆုံးအခြေအနေနှင့်ကိုက်ညီအောင် ဆောင်ရွက်ခြင်း၊ ပြုပြင် မွမ်းမံ ထိန်းသိမ်းခြင်း၊ အဆင့်မြှင့်တင်ပေးခြင်းများ စသည့်ဝန်ဆောင်မှုများ (ကွာဟချက်များ၊ အမှားများ၊ မကျေနပ်ချက်များကို စစ်ဆေးခြင်းအပါအဝင်) ပေးပြီး ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီ လီမိတက်အတွက် အီလက်ထရောနစ် သို့မဟုတ် အခြားသော ဝန်ဆောင်မှုများအားပေးနေသည့် မည်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းမဆို

၁၇.၉.၃။ ပြင်ပမှ ငှားရမ်းလုပ်ကိုင်ရသည့် ကိစ္စရပ်မျိုးဖြစ်ပါက ဝန်ဆောင်မှုပေးရန် သို့မဟုတ် လုပ်ငန်း ဆောင်ရွက်ချက်များ ပြုလုပ်ပေးရန်အတွက် ဆောင်ရွက်ပေးနေသည့် မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းမဆို

၁၇.၉.၄။ တစ်ဦးချင်းအတွက် ချက်လက်မှတ်များ၊ ရှင်းတမ်းများ၊ အကြံပြုလွှာများ၊ စာပေးစာယူ ပြုလုပ်မှုများ သို့မဟုတ် မည်သည့်ဆက်စပ် အထောက်အထားများအား ထုတ်ပေးရမည့် ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီ လီမိတက်၏ ကိုယ်စားလှယ်များ

၁၇.၉.၅။ စုံစမ်းစစ်ဆေးမှုများကိုဆောင်ရွက်နေသည့် ရဲတပ်ဖွဲ့ သို့မဟုတ် မည်သည့် အစိုးရအရာရှိများမဆို

၁၇.၉.၆။ Card စုံစမ်းစစ်ဆေးမှု သို့မဟုတ် ကတ်အသုံးပြုမှုနှင့်ဆက်နွယ်သည့် Card Association ကုမ္ပဏီများ နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများ

၁၇.၉.၇။ ကတ်ကိုင်ဆောင်သူ သို့မဟုတ် ခွင့်ပြုချက်ရထားသည့် မည်သည့်ပုဂ္ဂိုလ်မဆိုတို့နှင့် ပတ်သက်သည့် သတင်းအချက်အလက်အတွက်သာလျှင် အခြားသောဘဏ်များ၊ ငွေရေးကြေးရေး အဖွဲ့အစည်းများ၊ credit bureau သို့မဟုတ် credit reference agent များ

၁၇.၉.၈။ ငွေတောင်းခံလွှာပေးချေခြင်းနှင့်ဆက်နွယ်နေသည့် ငွေလက်ခံမည့်အဖွဲ့အစည်းများ

၁၇.၉.၉။ ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက်၏ ဘဏ်ခွဲများ၊ ကိုယ်စားလှယ်ရုံးများ၊ တွဲဖက်လုပ်ငန်းများ၊ အတူတွဲ၍ လုပ်ကိုင်နေသည့် သို့မဟုတ် ဆက်စပ်နေသည့် လုပ်ငန်းများ နှင့် အရာရှိများ၊ ဝန်ထမ်းများ သို့မဟုတ် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်နေသည့် ၎င်းတို့၏ သက်ဆိုင်ရာ ဝန်ထမ်းများ

၁၇.၉.၁၀။ ရှေ့နေများအပါအဝင် စာရင်းစစ်များနှင့် ကျွမ်းကျင်အကြံပေးသူများ

၁၇.၉.၁၁။ မည်သို့သောချေးငွေဝန်ဆောင်မှုမဆိုနှင့်ပတ်သက်ပြီး အမှန်တကယ်ဆောင်ရွက်နေသည့် သို့မဟုတ် ဆောင်ရွက်ရန်အလားအလာရှိသည့် တာဝန်ပေးအပ်ထားသူများ သို့မဟုတ် လွှဲအပ်ထားသူများ

၁၇.၉.၁၂။ အခြားဘဏ်များ သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းများ သို့မဟုတ် ငွေရေးကြေးရေးမဟုတ်သည့် အဖွဲ့အစည်းများ၏ ATM များကို သုံးစွဲမှုနှင့်စပ်လျဉ်း၍ ကတ်အသုံးပြုမှုအားလက်ခံသည့် ငွေလက်ခံသည့်အဖွဲ့အစည်း သို့မဟုတ် အခြားသော အဖွဲ့အစည်းများနှင့် ၎င်းတို့၏ ကိုယ်စားလှယ်များ သို့မဟုတ် ကန်ထရိုက်တာများ

၁၇.၉.၁၃။ Card Account လုံခြုံမှု သို့မဟုတ် ကတ်ကိုင်ဆောင်သူက ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက် အပေါ်သို့ ပေးရန်ရှိသည့် တာဝန်များအတွက် ဆောင်ရွက်ပေးနေသည့် သို့မဟုတ် ဆောင်ရွက်ပေးရန် သဘောတူထားသည့် မည်သည့် ပုဂ္ဂိုလ်မဆို

၁၇.၉.၁၄။ ကတ်ကိုင်ဆောင်သူ၏ပေးရန်တာဝန်များအတွက် ကြွေးပေးရန်တာဝန်ရှိသူ သို့မဟုတ် အာမခံသူအဖြစ် ပူးတွဲ၍ဖြစ်စေ၊သီးခြားစီဖြစ်စေကတ်ကိုင်ဆောင်သူအားတာဝန်ယူဆောင်ရွက်ပေးနေသည့်မည်သည့် ပုဂ္ဂိုလ်မဆို

၁၇.၉.၁၅။ ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်က ခန့်အပ်တာဝန်ပေးထားသည့် ငွေလက်ခံပေးမည့် မည်သူမဆို

၁၇.၉.၁၆။ မည်သည့် အကဲဖြတ်ဌာန၊ လုပ်ငန်းမဟာမိတ်၊ အာမခံကုမ္ပဏီ၊ အာမခံသူ၊ အာမခံပွဲစား မဆို သို့မဟုတ် ချေးငွေအကာအကွယ်ပေးခြင်းလုပ်ငန်းကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆောင်ရွက် ပေးနေသူ မည်သူမဆို

၁၇.၉.၁၇။ မည်သည့် stock exchange၊ အစိုးရဌာနဖြစ်စေ၊ အစိုးရကိုယ်စားပြုဌာနဖြစ်စေ မည်သည့် တရားစွဲဆိုမှု၊ ခုံရုံး၊ ဥပဒေပိုင်းဆိုင်ရာအဖွဲ့အစည်းတို့တွင်ပါဝင်သည့် တရားရုံးသို့မဟုတ် တရားရေးဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အာဏာပိုင် (မည်သည့်စီရင်ပိုင်ခွင့်နယ်တွင်မဆို ရှိသည့် မည်သည့်အခွန်ဆိုင်ရာ အာဏာပိုင်များ အပါအဝင်)

၁၇.၉.၁၈။ ဥပဒေ၊ စည်းမျဉ်း၊ လမ်းညွှန်ချက်၊ ညွှန်ကြားချက် သို့မဟုတ် မည်သည့်နိုင်ငံမဆို၏ တရားဥပဒေပိုင်းဆိုင်ရာ အာဏာပိုင်များအရ ဘဏ်က ထုတ်ဖော်ပြောဆိုရန်ပေးရန် လိုအပ်သည့် မည်သည့်ပုဂ္ဂိုလ်မဆို

၁၇.၉.၁၉။ ကတ်နှင့် Card Account တို့နှင့်ဆက်နွယ်ပြီး ကတ်ကိုင်ဆောင်သူထံသို့ ဝန်ဆောင်မှုပေးနေမှုအတွက် သို့မဟုတ် Card Account နှင့်ဆက်နွယ်ပြီး ထိုသို့သော ထုတ်ဖော်ပြောဆိုမှုကိုပြုလုပ်ပေးရန် လိုအပ်သည်ဟု ရေဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက်ကယူဆသည့် မည်သည့် ပုဂ္ဂိုလ်မဆို

## ၁၈။ လျော်ကြေးပေးခြင်း

အောက်ပါတို့နှင့်ဆက်နွယ်ပြီး ရေဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်က ထိခိုက် နစ်နာရမည့် ဆုံးရှုံးမှု နှင့် နစ်နာမှုများ (ယင်းသို့သော ဆုံးရှုံးနစ်နာမှုများသည် ရေဝတီဘဏ်အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက် သို့မဟုတ် ရေဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ဝန်ထမ်းများနှင့် ကိုယ်စားလှယ်များက ရည်ရွယ်ချက်ဖြင့် မမှန်မကန်ပြုမူမှု သို့မဟုတ် ပေါ့ဆမှုကြောင့် မဟုတ်ပါက) အတွက် ကတ်ကိုင်ဆောင်သူသည် ဘဏ်နှင့် ယင်း၏ ဝန်ထမ်း၊ အလုပ်သမား၊ အမည်စာရင်း တင်သွင်းထားသူ၊ ဒါရိုက်တာများနှင့် ကိုယ်စားလှယ်များအားလျော်ကြေးပေးရန်သဘောတူသည်။

၁၈.၁.၁။ မည်သည့် Card Account၊ ဝန်ဆောင်မှု သို့မဟုတ် transaction များမဆို

၁၈.၁.၂။ ကတ်ကိုင်ဆောင်သူ သို့မဟုတ် ခွင့်ပြုချက်ရထားသည့်ပုဂ္ဂိုလ်က ရေဝတီဘဏ်အများနှင့်သက်ဆိုင်သော ကုမ္ပဏီ လီမိတက်သို့ပေးသည့် ညွှန်ကြားချက်များအား ပြုလုပ်ခြင်း သို့မဟုတ် ဆောင်ရွက်ခြင်း သို့မဟုတ် ပြုလုပ်ရန် နှောင့်နှေးခြင်း သို့မဟုတ် ငြင်းဆိုခြင်း

၁၈.၁.၃။ ကတ်ကိုင်ဆောင်သူ၊ ခွင့်ပြုချက်ရပုဂ္ဂိုလ် သို့မဟုတ် လုံခြုံမှုပိုင်းဆိုင်ရာဝန်ဆောင်မှုပေးသူနှင့် ပတ်သက်၍ ဘဏ်ကပြုလုပ်သည့် စုံစမ်းမှု၊ စစ်ဆေးမှု

၁၈.၁.၄။ ကတ်ကိုင်ဆောင်သူ၏ ဘဏ်လုပ်ငန်းရှင်တစ်ဦးအနေဖြင့် ကတ်ကိုင်ဆောင်သူထံသို့ ပေးသည့် ဝန်ဆောင်မှုနှင့်ရေဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏လုပ်ငန်းများအားဖော်ဆောင်

၁၈.၁.၅။ မည်သည့်တတိယအုပ်စုဝင်မဆိုကပေးသည့်ဝန်ဆောင်မှု

၁၈.၁.၆။ ကတ်ကိုင်ဆောင်သူက စည်းမျဉ်းများအား လိုက်နာမှုမရှိခြင်းကြောင့် ဖြစ်ပေါ်လာရသည့် သို့မဟုတ် ကတ် သို့မဟုတ် ဝန်ဆောင်မှု နှင့်ဆက်နွယ်ပြီး ဤသဘောတူညီချက် သို့မဟုတ် မည်သည့် သက်ဆိုင်ရာ စည်းမျဉ်းနှင့် စည်းကမ်းသတ်မှတ်ချက်မဆို အရရှိနေသည့် ရေဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက်၏ အခွင့်အရေးများအား အသက်ဝင်စေရန် ဆောင်ရွက်ခြင်းကြောင့် ဖြစ်ပေါ်လာရသည့် မည်သည့် default သို့မဟုတ် အကာအကွယ်ပေးမှု

၁၈.၁.၇။ ကတ်၊ Card Account သို့မဟုတ် ဝန်ဆောင်မှုနှင့်ပတ်သက်၍ ကတ်ကိုင်ဆောင်သူ သို့မဟုတ် ခွင့်ပြုချက် ရရှိသူအပေါ် ရေဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် သို့မဟုတ် မည်သည့်အဖွဲ့မဆိုက အရေးယူဆောင်ရွက်မှု

၁၈.၁.၈။ မည်သို့သောသဘောသဘာဝရှိသည့်အကာအကွယ်ပေးမှု သို့မဟုတ် ကတ်၊ Card Account သို့မဟုတ် ဝန်ဆောင်မှုနှင့်ပတ်သက်၍ ဘဏ်ကမည်သည့်တရားစွဲဆိုမှုမျိုးတွင်မဆို ပါဝင်နေရမှု

၁၈.၁.၉။ ဤစည်းမျဉ်းများနှင့်ပတ်သက်၍ လက်ရှိ သို့မဟုတ် အနာဂတ်တွင် ပေါ်ပေါက်လာမည့် ဥပဒေများ သို့မဟုတ် ညွှန်ကြားချက်များအား ရေဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်က လိုက်နာဆောင်ရွက်ရမှု

၁၈.၁.၁၀။ ကတ်ကိုင်ဆောင်သူ၏ Card Account နှင့်ပတ်သက်ပြီး ရေဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်က ပေးချေရမည်ဖြစ်သော အခွန်အခများ

၁၈.၁.၁၁။ ဥပဒေအရဖြစ်စေ၊ အခြေအနေ အကြောင်းအရပ်အရဖြစ်စေ ရေဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက်၏ ငွေကြေးတွင် တိုးတက်လာမည့် ကုန်ကျစရိတ်များ

## ၁၉။ မလွန်ဆန်နိုင်သော ဖြစ်ရပ်များ

ဤဝန်ဆောင်မှုကို ရေဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက်က ဆောင်ရွက်ပေးနေစဉ်ကာလအတွင်း သဘာဝဘေးအန္တရာယ်၊ စစ်ဖြစ်ပွားမှု၊ ဆန္ဒပြမှု သို့မဟုတ် အလုပ်သမားအငြင်းပွားမှု၊ ကုန်သွယ်ရေးပိတ်ပင်မှု၊ အစိုးရအမိန့်၊ မီးလောင်ခြင်း၊ ရေကြီးခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မုန်တိုင်း သို့မဟုတ် အလွန်ဆိုးရွားသည့် ရာသီဥတုအခြေအနေများ၊ ဆူပူအုံကြွမှု၊ ပုန်ကန်မှု၊ လူထုမငြိမ်မသက်ဖြစ်မှု၊ စီးပွားရေးပိတ်ဆို့အရေးယူမှု၊ သပိတ်မှောက်မှု၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှု၊ စက်ချွတ်ယွင်းမှု သို့မဟုတ် အခြားသော မလွန်ဆန်နိုင်သော ဖြစ်ရပ်များသာဖြစ်သည်ဟု ကန့်သတ်ထားမှုမရှိသော်လည်း ယင်းတို့အပါအဝင်ဖြစ်ပြီး ဘဏ်မှ ကျိုးကြောင်းဆီလျော်စွာ ထိန်းချုပ်နိုင်မှုထက်ကျော်လွန်နေသည့် ဖြစ်ရပ် များကြောင့် အချိန်ကာလတစ်ရပ်အထိ ဖြစ်ပေါ်လာရသည့် မည်သည့်လုပ်ငန်းဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် နှောင့်နှေးမှုဖြစ်ခြင်းများအတွက်မဆို ရေဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်တွင် တာဝန်မရှိကြောင်းကို နားလည်သဘောတူပါသည်။ ရေဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက်သည် ယင်းသို့သော အခြေအနေများကြောင့် အဟန့်အတားဖြစ်ခြင်း၊ အတားအဆီးဖြစ်ခြင်း သို့မဟုတ် နှောင့်နှေးနေခြင်းများ ကြုံတွေ့နေရသည့် အတိုင်းအတာအပေါ်မူတည်၍ အဆိုပါအခြေအနေများ ပြီးဆုံးသွားသည့် အချိန်အထိ ရေဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်က ပေးနေသည့် ဤဝန်ဆောင်မှုအား ဆိုင်းငံ့ထားမည်ဖြစ်သည်။ ထိုသို့သော အခြေအနေများ ဆက်လက်ဖြစ်ပျက်နေစဉ်ကာလအတွင်း ဤစည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များတွင် ဖော်ပြထားသော တာဝန်ဝတ္တရားများကို ဖြည့်ဆည်းရန်၊ ထမ်းဆောင်ရန် ပျက်ကွက်ခြင်း သို့မဟုတ် နှောင့်နှေးခြင်းများအတွက် ဘဏ်အနေဖြင့် ကတ်ကိုင်ဆောင်သူအပေါ်တွင်ဖြစ်စေ သို့မဟုတ် အခြား မည်သည့်လူပုဂ္ဂိုလ် တစ်ဦးဦးအပေါ်တွင်ဖြစ်စေ တာဝန်ရှိစေခြင်း သို့မဟုတ် ဤစည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များအား ချိုးဖောက်ခြင်းဖြစ်သည်ဟု မှတ်ယူခြင်းမရှိစေရပါ။

## ၂၀။ ဉာဏပစ္စည်းပိုင်ဆိုင်ခွင့်

ရေဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက်၏ ဝဘ်ဆိုက်နှင့် စာရွက်စာတမ်းအားလုံးတွင် အကြောင်းအရာ အဖြစ်ဖြင့်ဖြစ်စေ၊ စကားအသုံးအနှုန်းပုံစံအဖြစ်ဖြင့်ဖြစ်စေ ပါရှိသော ကုန်အမှတ်တံဆိပ်၊ သင်္ကေတ၊ စာလုံးအမှတ်အသား၊ လုပ်ငန်းဝန်ဆောင်မှုအမှတ်အသား၊ ကုန်အမှတ်တံဆိပ် အမည်နှင့် ဒီဇိုင်းလက်ရာအားလုံး၏ ဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်အရပ်ရပ်သည် ရေဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏မူပိုင်ဖြစ်သည်။ ကတ်ကိုင်ဆောင်သူသည် ရေဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ ဉာဏပစ္စည်းဆိုင်ရာမူပိုင်ခွင့်ကို ကိုယ်ကျိုးအတွက်သုံးစွဲခြင်းမပြုရ သို့မဟုတ် ရေဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက်မှ စာဖြင့်

ရေးသားထားသော ကြိုတင်ခွင့်ပြုချက် ရရှိထားခြင်းမရှိဘဲ မည်သည့်ကိစ္စကိုမဆို ကြော်ငြာခြင်းမပြုရ။ ကတ်ကိုင်ဆောင်သူသည် ရောဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ပုံရိပ်၊ ကုန်အမှတ်တံဆိပ်၊ လုပ်ငန်းအမည် သို့မဟုတ် အခြားဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ကို ထိခိုက်ပျက်ပြားစေနိုင်သည့် မည်သည့်ပြုလုပ်မှုမျိုးကိုမဆို ပြုလုပ်ခွင့်ရှိမည်မဟုတ်ပါ သို့မဟုတ် အခြားသူက ပြုလုပ်ခြင်းကိုလည်း ခွင့်ပြုပေးပိုင်ခွင့် ရှိမည်မဟုတ်ပါ။

**၂၁။ ငွေကြေးခဝါချမှု တားဆီးရေးနှင့်ပိတ်ဆို့အရေးယူမှုများ**

၂၁.၁။ လူပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများနှင့် သဘောတူညီချက်ပြုလုပ်ခြင်း သို့မဟုတ် ၎င်းတို့ပါဝင်သည့် transaction များပြုလုပ်ခြင်းများမှ ရောဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက်အား တားဆီးပိတ်ပင်မှု ပြုလုပ်နိုင်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သို့မဟုတ် အခြားသော နိုင်ငံများ၏ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေများကို ရောဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်က လိုက်နာရပါသည်။

၂၁.၂။ ရောဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်သည် ၎င်း၏ငွေကြေးခဝါချမှုတိုက်ဖျက်ရေး သို့မဟုတ် အကြမ်းဖက်အဖွဲ့များအား ငွေကြေး ထောက်ပံ့မှုတိုက်ဖျက်ရေးနှင့် စီးပွားကုန်သွယ်မှုပိတ်ဆို့အရေးယူမှုများကို စီမံခန့်ခွဲရေး သို့မဟုတ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့် အခြားသောဥပဒေနှင့် စည်းမျဉ်းများနှင့်မဆို ကိုက်ညီမှု ရှိစေရေးအတွက် လိုအပ်သည့်သတင်းအချက်အားလုံးကို ကတ်ကိုင်ဆောင်သူက ပေးအပ်ရမည်။

၂၁.၃။ မည်သည့် transaction မျိုးအတွက်မဆို ရောဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်က ဆောင်ရွက်ပေးသည့် လုပ်ငန်းစဉ်များသည် မြန်မာနိုင်ငံ၏ ဥပဒေများကိုသော်လည်းကောင်း၊ အခြားမည်သည့်နိုင်ငံမဆို၏ ဥပဒေများကိုသော်လည်းကောင်းချိုးဖောက်မှုမရှိကြောင်းကတ်ကိုင်ဆောင်သူကထုတ်ဖော်ပြီး တာဝန်ယူသည်။

**၂၂။ တရားမဝင်ဖြစ်ခြင်း**

သက်ဆိုင်ရာဥပဒေ၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းလိုအပ်ချက် သို့မဟုတ် တရားရုံး ဆုံးဖြတ်ချက်များကြောင့် သို့မဟုတ် ဤသဘောတူညီချက်အရ ရှိနေသည့်တာဝန် ဝတ္တရားများအား ထိန်းသိမ်း စောင့်ရှောက်ခြင်း သို့မဟုတ် ဆောင်ရွက်ခြင်းသည် တရားဥပဒေနှင့် ကိုက်ညီမှုမရှိဟု ရောဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်က ယူဆလျှင် သို့မဟုတ် ထိုသို့ဆောင်ရွက်ခြင်းများအား ပြုလုပ်ခြင်းမှ ရောဝတီဘဏ်အများနှင့်သက်ဆိုင်သော ကုမ္ပဏီ လီမိတက်အား တားဆီးခြင်းခံရလျှင် ဘဏ်သည် မည်သည့်ကတ်၊ Card Account သို့မဟုတ် ဝန်ဆောင်မှုကိုမဆို ပိတ်ပစ်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းပြုလုပ်နိုင်သည်။ ထိုသို့ဖြစ်လာသည်ဆိုပါက ကတ်ကိုင်ဆောင်သူသည် ပေးရန်တာဝန်အားလုံးအား တောင်းခံသည်နှင့် ဘဏ်သို့ ပေးရမည်။

## ၂၃။ အထောက်အထားများပေးခြင်း

ရေဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်အားပေးနေသည့် မည်သည့်ဝန်ဆောင်မှုမျိုးအပြင် တရားရုံးဆောင်ရွက်ချက် သို့မဟုတ် တရားစွဲဆိုမှုအတွက် လူကိုယ်တိုင်သော်လည်းကောင်း သို့မဟုတ် အခြားနည်းလမ်းဖြင့် လည်းကောင်းပေးရမည့် မည်သည့်အထောက်အထားမဆို (ဆင့်ခေါ်စာ၊ စေဒကရှင်းတမ်း၊ လုပ်ထုံးလုပ်နည်းအရတောင်းခံမှု၊ လူမွဲစာရင်းလျှောက်ထားမှုများသာဖြစ်သည်ဟု ကန့်သတ်ထားမှု မဟုတ်သော်လည်း ယင်းတို့အပါအဝင်) အား စာတိုက်မှပို့ခြင်း၊ ရေဝတီဘဏ်၏ မှတ်တမ်းများအတွင်းရှိ ကတ်ကိုင်ဆောင်သူ၏ နောက်ဆုံးလိပ်စာသို့ပို့ခြင်းများ ပြုလုပ်သွားမည်ဖြစ်ပြီး ထိုသို့သောဝန်ဆောင်မှုများအားမပေးဖြစ်ဘဲ အောက်ပါအတိုင်း ပို့သော်လည်း ပြန်ရောက်လာသည်ဆိုလျှင်ပင် အကျိုးသက်ရောက်မှုရှိသည်ဟု မှတ်ယူရမည် -

၂၃.၁။ လူဖြင့်လက်ကမ်းပေးပို့သည်ဆိုပါကပေးပို့သည့်အချိန်သို့မဟုတ်ပို့ရမည့်လိပ်စာသို့ပေးပို့ပြီးချိန်

၂၃.၂။ မြန်မာနိုင်ငံအတွင်းရှိလိပ်စာတစ်ခုသို့စာတိုက်မှပေးပို့ခြင်းဖြစ်သည်ဆိုပါက စာတိုက်မှပေးပို့ပြီးနောက် အလုပ်ရက် (၅) ရက်တွင်း

## ၂၄။ အထွေထွေအမိပ္ပါယ်ကောက်ယူမှုနှင့် အဓိပ္ပါယ်ဖွင့်ဆိုခြင်း

၂၄.၁။ **ရေဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏အမြင် -** ရေဝတီဘဏ်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏အမြင်အရကိစ္စရပ်တစ်ခုအားဆုံးဖြတ်ရာတွင်ယင်းဆုံးဖြတ်ချက်အားဘဏ်၏အကြွင်းမဲ့ဆုံးဖြတ်ချက်ဖြင့် ချမှတ်ခြင်းဖြစ်သည်။

၂၄.၂။ **ရေဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ကဆောင်ရွက်ခြင်း သို့မဟုတ် ဆောင်ရွက်ပေးရန် ငြင်းဆိုခြင်း** - မည်သည့်ညွှန်ကြားချက် သို့မဟုတ် transaction မဆိုအပါအဝင် မည်သည့်ကိစ္စရပ်မဆိုနှင့်ပတ်သက်၍ ဘဏ် သည် အကြောင်းပြချက်တစ်စုံတစ်ရာမပေးဘဲ ဆောင်ရွက်ပေးခြင်း သို့မဟုတ် ဆောင်ရွက်ပေးရန်ငြင်းဆိုခြင်းကို ဥပဒေလိုအပ်ချက်အရ ဆောင်ရွက်နိုင်သည်။

၂၄.၃။ **အချိန်ဇယား -** မည်သည့်ညွှန်ကြားချက်မဆိုအား အလုပ်ရက်မဟုတ်သည့်နေ့ သို့မဟုတ် သတ်မှတ်ထားသည့် စာရင်းရှင်းပြီးချိန် သို့မဟုတ် နောက်ဆုံးအချိန် နောက်ပိုင်းမှ ဘဏ်က ရရှိသည်ဟုဆိုလျှင် ထိုညွှန်ကြားချက်အား လာမည့်အလုပ်ဖွင့်ရက်တွင်မှရရှိသည့် ညွှန်ကြားချက်အဖြစ် ဘဏ်က မှတ်ယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ခေါင်းစဉ်နှင့် ခေါင်းစဉ်ခွဲများအား အဆင်ပြေချောမွေ့မှု ရှိစေရေးအတွက် ထည့်သွင်းပေးထားခြင်းဖြစ်ပြီး ဤသဘောတူညီချက်အား အဓိပ္ပါယ်ဖွင့်ဆိုမှုအပေါ်အကျိုးသက်ရောက်မှုမရှိစေရ။

## ၂၅။ ပြင်ဆင်ခြင်း

ဤစည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များအတွင်းဖော်ပြထားသည့် မည်သည့်ပြဌာန်းချက် သို့မဟုတ် ဝန်ဆောင်မှု နှင့်/သို့မဟုတ် မည်သည့်အပြောင်းအလဲကိုမဆို မည်သည့်အချိန်တွင်ဖြစ်စေ၊ မည်သည့်အကြောင်းကြောင့်ဖြစ်စေ မည်သည့်ကြိုတင်အသိပေးအကြောင်းကြားမှုမျိုးကိုမျှမလုပ်ဘဲ ရေဝတီဘဏ်အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ တစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့် ပြင်ဆင်ခြင်း၊ မွမ်းမံခြင်း သို့မဟုတ်

အစားထိုးခြင်းများ ပြုလုပ်နိုင်ကြောင်းကို ကတ်ကိုင်ဆောင်သူက ဝန်ခံအသိအမှတ်ပြုသည်။ ဝက်ဆိုက်တွင် ဖော်ပြပေးထားမည့် ပြင်ဆင်ချက်များအပါအဝင် ဤစည်းမျဉ်းများအား ပုံမှန်ကြည့်ရှုနေရေးသည် ကတ်ကိုင်ဆောင်သူ၏ တာဝန်သာဖြစ်သည်။ ဤသဘောတူညီချက်အား ပြင်ဆင်ခြင်း သို့မဟုတ် ဖြည့်စွက်ခြင်းအား ကတ်ကိုင်ဆောင်သူအနေဖြင့် လက်မခံပါက ၎င်းသည် ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ အသိပေးအကြောင်းကြားချက်အား ပေးပို့သည့် နေ့မှစ၍ (၇) ရက်အတွင်း ကတ်အသုံးပြုမှုကို ရပ်ဆိုင်းရမည်ဖြစ်ပြီး ဤသဘောတူညီချက်တွင် ဖော်ပြပါရှိသည့် အတိုင်း Card Account အား ရပ်စဲရမည်။ ပြင်ဆင်ခြင်း သို့မဟုတ် ဖြည့်စွက်ခြင်းများအတည်ဖြစ်ပြီးနောက်မှ ကတ်အား ကတ်ကိုင်ဆောင်သူက ဆက်လက်အသုံးပြုနေသည်ဆိုလျှင် ကတ်ကိုင်ဆောင်သူသည် ပြင်ဆင်ခြင်း သို့မဟုတ် ဖြည့်စွက်ခြင်းအား ခြွင်းချက်မရှိ လက်ခံသဘောတူခြင်း ဖြစ်သည်ဟု မှတ်ယူရမည်။

**၂၆။ လွှဲပြောင်းခြင်း**

ဤစည်းကမ်းချက်သတ်မှတ်ချက်များအရ ကတ်ကိုင်ဆောင်သူသည် ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ စာဖြင့်ရေးသားဖော်ပြထားသော သဘောတူညီချက်မရှိဘဲ ၎င်း၏ အခွင့်ရေး သို့မဟုတ် တာဝန်ဝတ္တရားများ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ လွှဲပြောင်းတာဝန်ပေးအပ်ခြင်းမပြုရဘဲ၊ ဤစည်းမျဉ်းနှင့် စည်းကမ်း သတ်မှတ်ချက်များတွင် ပါဝင်သောမည်သည့် အစိတ်အပိုင်းကိုဖြစ်စေ ဖော်ဆောင်ရန်အတွက် မည်သည့် ထပ်ဆင့်စာချုပ်ကိုမဆို ချုပ်ဆိုခြင်းမပြုရ။

**၂၇။ အာမခံခြင်း**

ဝန်ဆောင်မှုအသုံးပြုခြင်းဆိုင်ရာ စည်းကမ်းချက်အဖြစ် ဝန်ဆောင်မှုများအား တရားဥပဒေနှင့် ကိုက်ညီခြင်း မရှိသည့် မည်သည့်ရည်ရွယ်ချက်မျိုးအတွက်မဆို အသုံးပြုမည်မဟုတ်ပါကြောင်း ကတ်ကိုင်ဆောင်သူက ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်အား အာမခံသည်။ ဝန်ဆောင်မှုများကို အသုံးပြုမှုနှင့် စပ်လျဉ်းသည့် တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ နည်းဥပဒေနှင့် ပြဋ္ဌာန်းဥပဒေအရပ်ရပ်ကို လိုက်နာရန် ကတ်ကိုင်ဆောင်သူမှ သဘောတူသည်။

**၂၈။ ဆက်လက်အသက်ဝင်ခြင်း**

ဤစည်းကမ်းချက်များပါ ပြဋ္ဌာန်းချက်တစ်ရပ်စီတိုင်းသည် အခြားပြဋ္ဌာန်းချက်များနှင့်မတူဘဲ သီးခြားသက်ဝင်မှု ရှိမည်ဖြစ်သည်။ ဤစည်းကမ်းချက်များပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် တရားဝင်မှုမရှိတော့ခြင်း၊ ပျက်ပြယ်ခြင်း သို့မဟုတ် ဥပဒေတစ်ရပ်ရပ်အရ အာဏာသက်ရောက်မှု မရှိတော့ခြင်းများဖြစ်လာပါက ယင်းအပိုင်းသည်သာ ပျက်ပြယ်မည်ဖြစ်ပြီး ကျန်ပြဋ္ဌာန်းချက်များအား ထိခိုက်စေခြင်း သို့မဟုတ် ပျက်ပြယ်စေခြင်းများရှိမည်မဟုတ်ဘဲ ကျန်ပြဋ္ဌာန်းချက်များသည် ဆက်လက် အသက်ဝင်နေမည်ဖြစ်သည်။

**၂၉။ စွန့်လွှတ်ခြင်း**

မည်သည့်အချိန်တွင်မဆို ဤစည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များတွင် ဖော်ပြထားသည့် ပြဋ္ဌာန်းချက်(များ) အား အသက်ဝင်စေရန်အတွက် ဆောင်ရွက်ရန် မည်သည့်အဖွဲ့ကမဆို ပျက်ကွက်ခြင်း သို့မဟုတ် နှောင့်နှေးနေခြင်းသည် ထိုသို့သောအဖွဲ့က အခွင့်အရေးများအား စွန့်လွှတ်လိုက်ခြင်း ဖြစ်သည်ဟု အဓိပ္ပါယ်ဖွင့်ဆိုခြင်း မရှိစေရ။

**၃၀။ သက်ဆိုင်မှုမရှိခြင်း**

ဤစည်းမျဉ်းနှင့် စည်းကမ်းချက်များတွင်ပါဝင်သော မည်သည့် ပြဋ္ဌာန်းချက်မဆိုကြောင့် ဤစည်းမျဉ်းနှင့် စည်းကမ်းချက်များကို သဘောတူထားသည့်အဖွဲ့များက အလုပ်သမားနှင့်အလုပ်ရှင်၊ မိတ်ဖက်၊ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သူ၊ ဖက်စပ်လုပ်ငန်းများ၏ ဆက်ဆံရေးမျိုးကို ထူထောင်ခြင်း ဖြစ်သည်ဟု အဓိပ္ပါယ်သက်ရောက်ခြင်း မရှိစေရ။ အဖွဲ့များသည် သီးခြားလွတ်လပ်သော ကန်ထရိုက်တာများဖြစ်ပြီး မည်သည့်အဖွဲ့မဆိုသည် အခြားသော အဖွဲ့၏ လုပ်ဆောင်ချက်၊ ဆောင်ရွက်ချက် သို့မဟုတ် ပျက်ကွက်ခြင်းများအတွက် တာဝန်မရှိစေရ။

**၃၁။ လွှမ်းမိုးသောဥပဒေနှင့် အငြင်းပွားမှုဖြေရှင်းခြင်း**

ဤစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဥပဒေများက လွှမ်းမိုးမည်ဖြစ်ပြီး ယင်းဥပဒေများနှင့်အညီ အဓိပ္ပာယ်ဖွင့်ဆိုရမည်ဖြစ်ကာ ဤစည်းမျဉ်း စည်းကမ်းများမှ သို့မဟုတ် ဤစည်းမျဉ်းစည်းကမ်းများအရ ပေါ်ပေါက်လာသော မည်သည့် အငြင်းပွားမှုကိုမဆို စီရင်ဖြေရှင်းပိုင်ခွင့် အာဏာသည် မြန်မာနိုင်ငံရှိတရားရုံးများတွင်သာ ရှိစေရမည် ဖြစ်သည်။

**၃၂။ ဘာသာစကား**

ဤစည်းမျဉ်းနှင့် စည်းကမ်းသတ်မှတ်ချက်များအား အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ပြုလုပ်ထားပြီး နှစ်မျိုးစလုံးသည် တူညီသော အဓိပ္ပာယ်သက်ရောက်မှုရှိမည်ဖြစ်သည်။ အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာ နှစ်မျိုးဖြင့် ပြုလုပ်ထားခြင်းဖြစ်သောကြောင့် ကွဲလွဲမှုတစ်စုံတစ်ရာရှိလျှင် မြန်မာဘာသာဖြင့်ရေးသားထားသည့် စည်းမျဉ်း စည်းကမ်း သတ်မှတ်ချက်များကိုသာလျှင် အမှန်ယူရမည်ဖြစ်သည်။